# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**

Established in 1957


### ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 16 September 2025 ၁၁၉၄၂


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လျိုကျိုးမြို့ရှိ လျိုကျိုးစက်မှုပြတိုက်နှင့် SAIC GM-Wuling Auto Co., Ltd ၏ ဝူလင်မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၅**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျားနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် လျိုကျိုးမြို့ရှိ လျိုကျိုးစက်မှုပြတိုက်နှင့် SAIC GM-Wuling Auto Co., Ltd ၏ ဝူလင်မော်တော်ယာဉ် ထုတ်လုပ်ရေး စက်ရုံတို့သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မြန်နှုန်းမြင့်ရထားဖြင့် နန်နင်းမြို့မှ လျိုကျိုးမြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ လျိုကျိုးစက်မှုပြတိုက်သို့ ရောက်ရှိစဉ် လျိုကျိုးမြို့ CPC ပါတီ ကော်မတီ ဒုတိယ အတွင်းရေးမှူးနှင့် မြို့တော်ဝန် Mr. Zhang Zhuang နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်အဖွဲ့ဝင်များ လျိုကျိုးမြို့ရှိ လျိုကျိုးစက်မှုပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

**ယနေ့ ဖတ်စရာ**

### ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

စာမျက်နှာ » ၃

### အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ သိပ္ပံနည်းကျပူးပေါင်းဆောင်ရွက်

ဆောင်းပါး စာမျက်နှာ » ၆

### ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပ

စာမျက်နှာ » ၉



ကြေးမုံ

# နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲရေးရှေးရှု ရွေးကောက်ပွဲအောင်မြင်ရေးကြိုးပမ်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် “နိုင်ငံတော်၏အမျိုးသား အကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး”၊ “ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး” ဦးတည်ချက်ကို အကောင်အထည်ဖော်လျက်ရှိသည်။

ရွေးကောက်ပွဲအောင်မြင်ရေးဆောင်ရွက်ရာတွင် ဆောင်ရွက်နိုင်သည့် မြို့နယ်အားလုံး၌ ရွေးကောက်ပွဲကျင်းပနိုင်ရေးရည်မှန်းဆောင်ရွက်လျက်ရှိရာ မဲပေးခွင့်ရှိသူပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ရွှေ့ပြောင်းနေထိုင်ရသည့် မဲဆန္ဒရှင်များအတွက်လည်း ကြိုတင်မဲများဖြင့် ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် နေရာများတွင် ရောက်ရှိနေသည့် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်များမဆုံးရှုံးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ်များကို ဩဂုတ်လ ၂၀ ရက်နေ့က ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်(၅၆)မြို့နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ်(၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်(၅၆)နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပခြင်း ပြုလုပ်မည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်စွဲပါ ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် အသိပေးထုတ်ပြန်ကြေညာခဲ့သည်။

ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၇/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များကို သတ်မှတ်ကြေညာခဲ့သည်။ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် သက်ဆိုင်ရာမဲဆန္ဒနယ်များ၌ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အချိန်ပိုမိုရရှိစေရန် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များကို စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရက်တိုးမြှင့်၍ ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀(စ)အရ ထုတ်ပြန်ကြေညာခဲ့သည့် ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် လွှတ်တော်မဲဆန္ဒနယ်များကိုသုံးသပ်ကြည့်မည်ဆိုလျှင် နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ ချန်လှပ်ထားရှိခဲ့သည်ဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် တစ်နိုင်ငံလုံးရှိ မြို့နယ် ၃၃၀ နှင့်နှိုင်းစာလျှင် အနည်းစုဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ဒေသအလိုက် လုံခြုံရေးအခြေအနေအပေါ်မူတည်ပြီး ကျင်းပပြုလုပ်သွားရန် စီမံဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ပေါ်ထွက်လာသည့် အစိုးရကို နိုင်ငံတော်တာဝန် လွှဲပြောင်းပေးနိုင်ရေးဖြစ်သည်။ နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်ပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ကာ ဥပဒေနှင့်အညီ လွှတ်တော်အသီးသီးပေါ်ပေါက်လာပါက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှေးရှုဆောင်ရွက်နိုင်မည်ဖြစ်၍ လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ စက်တင်ဘာလ (၁၆) ရက် (World Ozone Day 2025)

“အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး”






၂၈-၉-၂၀၂၄ ရက်နေ့တွင် NOAA မှ လေ့လာတွေ့ရှိခဲ့သည့် အန္တာတိကတိုက်ရှိ အိုဇုန်းလွှာအပေါက် အခြေအနေ (စတုရန်းမိုင်ဂ.၅သန်း) (7th Smallest since Recovery Began in 1992)



NOAA Ozonesonde ၊ Frostpoint Hygrometer နှင့် POPS Aerosol Particle Counter စသည့် အာရုံခံကိရိယာများ ပါဝင်သော မိုးပျံပူဖောင်းတစ်ခုကို အန္တာတိကတိုက်ရှိ Ozone Hole အား လေ့လာရန် လွှတ်တင်နေပုံ



အန္တာတိကတိုက်ရှိ Ozone Hole အား လေ့လာသည့် Halley VI သုတေသနစခန်း




## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ **“ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအနီး အရပ်သားပြည်သူနဲ့ခရီးသွားပြည်သူများ ကြောက်ရွံ့ထိတ်လန့်ထိခိုက်စေရန် KNU/PDF အကြမ်းဖက်သမားများက Drop Bomb ချ တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူ ၁၁ ဦး”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“လူ့အခွင့်အရေးအတွက်၊ ဒီမိုကရေစီအတွက် လုပ်နေပါတယ်ဆိုသော အကြမ်းဖက် PDF များ အင်အားနည်းလာပြီဖြစ်သောကြောင့်အသက်မပြည့်သေးသော စာသင်အရွယ်ကလေးငယ်များကို ခြိမ်းခြောက်၍ အတင်းအဓမ္မလူသစ်စုနေ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၅ - ၉ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၇၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၄၀၀ | ၃၂၉ | ၂,၄၃၄,၆၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၅၀ | ၂,၉၁၆ | ၉,၁၆၅,၄၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၅၀၀ | ၉၇၅,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၃၅၀ | ၉၂၇,၅၀၀ |
| EFR | ၁,၈၀၀ | ၁,၉၀၀ | ၂,၃၃၉ | ၄,၃၇၃,၅၀၀ |
| AMATA | ၃,၂၅၀ | ၃,၃၀၀ | ၂၁ | ၆၈,၈၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၃၁၈ | ၁,၀၄၉,၄၀၀ |
| MADPL(PLB) | ၂,၉၀၀ | ၂,၇၀၀ | ၁,၀၇၀ | ၂,၉၀၁,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ဒေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက်မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် လွှတ်တော်မဲဆန္ဒနယ်အသီးသီးအတွက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်၏ပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည် -

(က) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံ အကြီးအမှူးများသည် ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ရယူ၍ မိမိဌာနရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံ ဖြန့်ဖြူးပေးပို့ရန်၊

(ခ) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံ အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို မြို့နယ်အလိုက်ပြုစုထားသည့် မှတ်ပုံတင်စာရင်း ပုံစံ (၁၅-က) နှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၁၂ - ၁၀ - ၂၀၂၅) ရက် အရောက် ပေးပို့ရန်၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများအလိုက်ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်း ပုံစံ [၁၅ (က-၁)]နှင့်အတူ သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများသို့ (၂၄ - ၁၁ - ၂၀၂၅) ရက် အရောက်ပေးပို့ရန်၊

(ဃ) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများတွင် (၂၅ - ၁၁ - ၂၀၂၅) ရက်မှ (၂၉ - ၁၁ - ၂၀၂၅) ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေးဆောင်ရွက်ရန်၊

(င) ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ကြိုတင်ဆန္ဒမဲပေးသူများ လက်မှတ်ရေးထိုးထားသည့် ပုံစံ [၁၅(က-၁)]၊ အသုံးမပြုဘဲကျန်ရှိနေသော ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များနှင့်အတူ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၂၆ - ၁၂ - ၂၀၂၅) ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့ရန်။

၃။ သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်း၊ ဆေးရုံ အကြီးအမှူးများသည် အပိုဒ် ၂ (ဃ) ပါ ကြိုတင်ဆန္ဒမဲပေးမည့်နေ့ရက်ကို မိမိတို့ဌာနတည်ရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ အနည်းဆုံး (၃) ရက် ကြိုတင်အကြောင်းကြား၍ ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်သည်။

၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနအောက်ရှိ ရဲအချုပ်စခန်း၊ အကျဉ်းထောင်၊ အချုပ်ထောင်များ၊ ဆေးရုံများတွင် (၂၉ - ၁၀ - ၂၀၂၅) ရက်နေ့ နောက်ပိုင်းမှ အကြောင်းအမျိုးမျိုးကြောင့် အချုပ်ခံနေရသူများနှင့် ဆေးရုံတက်ရောက်ကုသရသူများရှိပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

၅။ ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ -

(က) မဲစာရင်းပါရှိရာ သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website မှလည်းကောင်း၊ မိမိတို့ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ထံမှလည်းကောင်း ရယူ၍ ဖြည့်စွက်ပြီး (၁၂ - ၁၀ - ၂၀၂၅) ရက်အရောက် ယင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပြန်လည်ပေးပို့ရန်၊

(ခ) အဆိုပါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁၅) များကို မြို့နယ်အလိုက် ပြုစုထားသည့် မှတ်ပုံတင်စာရင်း ပုံစံ (၁၅-ဂ) နှင့်အတူ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများထံသို့ (၂၉-၁၀-၂၀၂၅) ရက်နေ့ အရောက်ပေးပို့ရန်၊

(ဂ) မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို မြို့နယ်အလိုက်ပြုစုထားသည့် မြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများစာရင်း ပုံစံ[၁၅(ဂ-၁)] နှင့်အတူ ပုံစံ (၁၅) ပေးပို့လာသည့် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ (၂၄ - ၁၁ - ၂၀၂၅) ရက်နေ့အရောက်ပေးပို့ရန်၊

(ဃ) ယာယီနေရပ်စွန့်ခွာနေရသူများ ရောက်ရှိနေသည့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲသည် (၂၅ - ၁၁ - ၂၀၂၅) ရက်မှ (၂၉ - ၁၁ - ၂၀၂၅) ရက်အတွင်း သင့်လျော်သည့်နေ့ရက်၊ သင့်လျော်သည့်နေရာ၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊

(င) ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ကြိုတင်ဆန္ဒမဲပေးသူများ လက်မှတ်ရေးထိုးထားသည့် ပုံစံ [၁၅ (ဂ-၁)]၊ အသုံးမပြုဘဲ ကျန်ရှိနေသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များနှင့်အတူ မဲစာရင်းပါရှိသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၂၆ - ၁၂ - ၂၀၂၅) ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

(စ) မဲစာရင်းပါရှိသည့် မြို့နယ်မှ ယာယီနေရပ်စွန့်ခွာနေရသူများသည် ပုံစံ (၁၅) ဖြင့် မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်အတွက် ကြိုတင်မဲမပေးလိုပါက လက်ရှိရောက်ရှိနေသော မြို့နယ်တွင် မဲစာရင်းပါရှိစေရေး သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၀ ပါ သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ (၂၇-၁၀-၂၀၂၅ ရက်နေ့နောက်ဆုံးထား၍) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃ - က) ဖြင့် လျှောက်ထားရန်။

၆။ သို့ဖြစ်ပါ၍ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပတွင်ရောက်ရှိနေသော ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာနေရသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာအကြီးအမှူးများက ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း မေတ္တာရပ်ခံ အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြတိုက်ဒုတိယတာဝန်ခံက ပြတိုက်အတွင်းရှိ လျှိုကျိုးစက်မှုသမိုင်းကြောင်းပြခန်း၊ ဂေဟဗေဒဆိုင်ရာပြခန်းနှင့် လုပ်ငန်းများပြခန်းတို့တွင် ခင်းကျင်းပြသထားသော ၁၉၀၂ ခုနှစ်မှ စတင်အသုံးပြုခဲ့သည့် ထင်ရှားသောရှေးဟောင်းစက်မှုပစ္စည်းများ၊ ယခုခေတ်ကာလအထိ စက်မှုလုပ်ငန်း တိုးတက်မှုအဆင့်ဆင့်အခြေအနေများ၊ ခေတ်အဆက်ဆက် လျှိုကျိုးမြို့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု သမိုင်းကြောင်းဓာတ်ပုံများနှင့် အခြားပြခန်းတို့ကို ရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုက်လံကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လျှိုကျိုးမြို့ရှိ SAIC GM-Wuling Auto Co., Ltd. ၏ ဝူလင် မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြရာ ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာက ဝူလင်မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံ၏ သမိုင်းကြောင်း၊ နှစ်အလိုက်ထုတ်လုပ်လျက်ရှိသည့် ကားအမျိုးအစားများ၊ ထုတ်လုပ်ပြီးကားများအား ဈေးကွက်အတွင်း ရောင်းချပေးနေမှု၊ ၂၀၁၇ ခုနှစ်မှ စတင်၍ EV မော်တော်ယာဉ်များ စတင်ထုတ်လုပ်နေမှု၊ AI Operations Center နှင့် ထုတ်လုပ်ထားသည့် မော်တော်ယာဉ်များ၏ အရည်အသွေး၊ ကြံ့ခိုင်မှု၊ လုံခြုံမှုတို့ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Unitrust Enterprise Group of Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR 03 နှင့် AIQAR eQ7 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Htet Wai Yan Hein Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Volkswagen အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့် အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော် - တပ်ကုန်းမြို့ရှိ မဟာဇနကကျောင်းတိုက် ဓမ္မာရုံပြင်ဆင်နေမှု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ကွန်ကရစ်လမ်းများပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့တွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မဟာဇနက ကျောင်းတိုက်တွင် မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်ဓမ္မာရုံ ပြင်ဆင်နေမှုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကွန်ကရစ်လမ်းများ ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများအား တွေ့ဆုံသည်။

ဦးစွာ မဟာဇနကကျောင်းတိုက်တွင် မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဓမ္မာရုံ မျက်နှာကြက်နှင့် နံရံကြွေပြားများ ပြန်လည် တပ်ဆင်ပြုပြင်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကာ ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် မြို့နယ်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်တပ်ကုန်းမြို့ရှိမဟာဇနကကျောင်းတိုက်တွင် မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဓမ္မာရုံပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

သြဝါဒါစရိယ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏာရဟာအား ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကွန်ကရစ်လမ်းပိုင်းများ ပျက်စီးချို့ယွင်းမှုအလိုက် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြင်ဆင်ဆောင်ရွက်ရန်နှင့် သတ်မှတ်ချိန်ပြီးစီးရေး အလေးထားဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ နိုင်ငံတကာသတင်းဘာသာပြန်အဖွဲ့နှင့် သတင်းဖတ်ကြားသူများအား တွေ့ဆုံပြီး သတင်းထုတ်ပြန်ရာတွင် သတိပြုရမည့်အချက်များကို ဆွေးနွေးမှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Auditorium ခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး တိကျမှန်ကန်သော သတင်းမှန်များဖြင့် ပြည်သူများအား ဝန်ဆောင်မှုပေးရန်၊ သတင်းတု၊ သတင်းမှားများအား အမြန်စိစစ်ဖော်ထုတ်၍ သတင်းအချက်အလက် မှန်ကန်ပြည့်စုံစွာဖြင့် လျင်မြန်စွာ ရှင်းလင်းထုတ်လွှင့်ပေးရန်၊ စာပေ၊ ရုပ်ရှင်၊ သဘင်နှင့် ဂီတအနုပညာရှင်များ၏ စွမ်းအားဖြင့် ဟန်ချက်ညီပေါင်းစပ်၍ ပြည်သူတို့၏ ပျော်ရွှင်သောလူနေမှုဘဝကို ဖော်ဆောင်ပေးရန်၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ပြီးမြောက်စေရန်အတွက် အကြိုကာလ၊ ကျင်းပစဉ်ကာလနှင့် ကျင်းပပြီးကာလတို့တွင် နိုင်ငံတော်မီဒီယာက ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအလိုက် တက်ကြွစွာ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အစည်းအဝေးတွင် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပြည်နယ်၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်လာစေရန် ကော်မတီအနေဖြင့် လုပ်ငန်းများ ကြန့်ကြာမှုမရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလေးနိုင်က MAHARSAN 333 CO.,LTD. ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ Myanmar Pureplant Extracts Company Limited ၏ တိရစ္ဆာန်အစာအတွက် အသုံးပြုသည့် ဂန္ဓမာပန်းမျိုးစိတ်များ (Marigold) ၏ အမှုန့်များကို ထုတ်လုပ်ခြင်းနှင့် တင်ပို့ခြင်းလုပ်ငန်း ကြိုတင်ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက် လာကြသည့် ကော်မတီဝင်များက အကြံပြုဆွေးနွေး၍ အထွေထွေဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်စကား ပြောကြားသည်။



ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ရှစ်ခု၊ ရင်းနှီးမြှုပ်နှံပမာဏ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁၉၀ သန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၉၂ သန်း အပါအဝင် ငွေကျပ်သန်း ၄၆၂၁၆ ဒသမ ၃၀၁ ကို ခွင့်ပြုပေးထားခဲ့ပြီး ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအနေဖြင့် ပြည်တွင်းတွင် ၁၆၉၈ ဦးနှင့် ပြည်ပတွင် ၇၈ ဦးကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း**

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်နှင့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့တို့တွင် ပါဝင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးမှ လူငယ်မောင်မယ်များနှင့် ပံ့ပိုးကူညီခဲ့ကြသူများအား ဂုဏ်ပြု

**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာ့အနာဂတ် မျက်နှာစာ လူငယ် မဟာဗျူဟာဖိုရမ်နှင့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ (International Youth Day) တို့တွင် ပါဝင်ဆင်နွှဲခဲ့သော ရန်ကုန်တိုင်းဒေသကြီးမှ လူငယ်မောင်မယ်များနှင့် ပံ့ပိုးကူညီခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊




ရန်ကုန် တိုင်းဒေသကြီး အထောက်အကူပြု လုပ်ငန်းအားကစားနှင့် လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရန်ကုန်တိုင်းဒေသကြီးမှ လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် – ၂၀၂၅ တွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအုပ်စုငါးခုမှ လူငယ်မောင်မယ်များနှင့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ (International Youth Day) တို့တွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအုပ်စုငါးခုမှ လူငယ်မောင်မယ်များ၊ မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် – ၂၀၂၅ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖိုရမ်အထိမ်းအမှတ် အင်္ကျီများ ပံ့ပိုးပေးခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ယင်းအပြင် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် – ၂၀၂၅ နှင့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ (International Youth Day) တို့တွင် ပံ့ပိုးကူညီခဲ့ကြသော ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီးအတွင်း စပါးနှင့် မြေပဲစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် အထွက်တိုး မြေပဲမျိုးနှင့် သွင်းအားစုများ ပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၅

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆီထွက်သီးနှံစိုက်ပျိုးရေးစီမံကိန်း မြေပဲစိုက်တောင်သူများသို့ အထွက်တိုးမြေပဲမျိုးနှင့် သွင်းအားစုပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ဆားမလောက်ကျေးရွာရှိ နည်းပညာပြန့်ပွားရေးစင်တာ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများ၊ မြန်အောင်၊ အင်္ဂပူနှင့် ညောင်တုန်းမြို့နယ်တို့မှ သမဝါယမအသင်းသား တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုအခမ်းအနားတွင် မြန်အောင်၊ အင်္ဂပူ၊ ညောင်တုန်းမြို့နယ်တို့မှ မြေပဲစိုက်သမဝါယမအသင်း ၂၁ သင်း၏ စိုက်ဧက ၄၅၀ အတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှင့်ညီမျှသော အထွက်တိုး မျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသော သီးနှံများ ဈေးကွက်ရရှိရေးနှင့် သမဝါယမဈေးငွေများ၊ မြစ်မံးရောင် (ဆီထွက်သီးနှံနေကြာ) စီမံကိန်းချေးငွေ၊ သက်တံ့ရောင်စီမံကိန်းချေးငွေများကို သက်သာသော အတိုးနှုန်း၊ သီးနှံပေါ်ပေးစနစ်တို့ဖြင့် အထွက်တိုးမျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိကြောင်း၊ ထို့ပြင် မျိုး၊ သွင်းအားစုဓာတ်မြေဩဇာများကိုအရည်အသွေးမှန်ကန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများလက်ဝယ် အချိန်မီရောက်ရှိရေး စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက မြန်အောင်၊ အင်္ဂပူနှင့်ညောင်တုန်းမြို့နယ်အတွင်းရှိ သမဝါယမအသင်း ၂၁ သင်း၏ စိုက်ဧက ၄၅၀ အတွက် အထွက်တိုးမြေပဲမျိုးနှင့် သွင်းအားစုများ ပေးအပ်ကာ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်မည့် စကြော့တောင်-အင်းမကျေးရွာချင်းဆက်လမ်းကို




ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အုန်းပင်စုစံပြကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဆင်းလက်ရာများကို ကြည့်ရှုအားပေး၍ စီမံကိန်းအမှတ်တရ ကံ့ကော်ပင်များ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ အိမ်သွယ်ရေတိုင်စနစ်ဖြင့် ကျေးရွာရေရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ မူလတန်းကျောင်းဆောက်ရေသန့်ရရှိရေးဆိုင်ရာ လုပ်ငန်းများကို လည်းကောင်း၊ ကျေးလက်ဒေသ အခြေခံ အိမ်ထောင်စုများ အသက်မွေးဝမ်းကျောင်း မြှင့်တင်ရေးစီမံကိန်း (SEP)ရန်ပုံငွေဖြင့် ကြက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် Green House, Net House စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး အခြေခံ စက်ချုပ်နည်းပညာ သင်တန်း တက်ရောက်အောင်မြင်ပြီး မွမ်းမံစက်ချုပ်နည်းပညာ သင်တန်း တက်ရောက်လျက်ရှိသော သင်တန်းသူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ညောင်တုန်းမြို့တော်ခန်းမ၌ ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံကိန်းနှင့် အကျိုးမဝင်သည့် တောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရောဝတီတိုင်းဒေသကြီးအတွင်း သွင်းအားစု မြေဩဇာ ဖြန့်ဖြူးပြီးစီးမှု၊ နည်းပညာပေးမှု၊ ပြန်လည်ကောက်ယူမည့် အစီအမံများကို ရှင်းလင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၀ မှ တောင်သူများ၏ စိုက်ဧက ၃၄၇၄၆ ဧက အတွက် ၁၅ ပတ်လည်ကွန်ပေါင်း ၁၁၉၀၁ အိတ်နှင့် ယူရီးယားဓာတ်မြေဩဇာ ၉၉၁၂ အိတ်ကို ပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တိုက်ရိုက်မျိုးစေ့ချကိရိယာ ထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် Vinny Co., Ltd မှ တိုက်ရိုက်မျိုးစေ့ချကိရိယာများကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက်၌ ထုတ်လုပ်နေမှုကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက သွားရောက် ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ဦးစွာ Vinny Co.,Ltd မှ တာဝန်ရှိသူများက တိုက်ရိုက်မျိုးစေ့ချကိရိယာ ထုတ်လုပ်နေမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က တိုက်ရိုက်မျိုးစေ့ချကိရိယာ ထုတ်လုပ်နေမှုကို လည်းကောင်း၊ တပ်ဆင်ပြီး တိုက်ရိုက်မျိုးစေ့ချကိရိယာများနှင့် ထပ်မံထုတ်လုပ်မည့် ပုံစံနမူနာများကို လည်းကောင်း၊ ပြသထားသည့် ကုန်ကြမ်းပစ္စည်း အစိတ်အပိုင်းများ၊ ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဆင့် လည်ပတ်နေမှု၊ ကုန်ကြမ်းပစ္စည်း အစိတ်အပိုင်းများ ပြန်လည်တပ်ဆင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## ရပ်စောက်မြို့နယ်၌ မိုးစပါး စိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

တောင်ကြီး စက်တင်ဘာ ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ ကွင်းအမှတ်(၈၂)ရှိ စီမံကိန်းသီးနှံ (သက်တံ့ရောင်စီမံကိန်း) စိုက်ပျိုးလျက်ရှိသည့် ရွှေဝါဝင်းမျိုးစေ့ ထုတ်လုပ်ရေးလုပ်ငန်း သမဝါယမ အသင်းလီမိတက်မှ မိုးစပါး စိုက်ပျိုးထားရှိမှု အခြေအနေကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက အသင်းမှ လိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် သွင်းအားစုများ ပြတ်လပ်မှု မရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမ အသင်းစုနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခဲ့ပြီး သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှု လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ပိုးတောင်း



## ဝါးခယ်မမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ဖွင့်လှစ်

ဝါးခယ်မ စက်တင်ဘာ ၁၅

ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၇၈) စက်မှုလယ်ယာစခန်း၌ ယနေ့နံနက် ၁၀ နာရီက ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း(၁/၂၀၂၅)ကို စတင်ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲမြင့်က အမှာစကားပြောကြားပြီး မြောင်းမြခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများထံသို့ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ ၂၆ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပြသပေးမည်ဖြစ်ကြောင်း သိရသည်။

လွှမ်းသီဟ(ပြန်/ဆက်)

## ပုသိမ်မြို့၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်လှစ်

ပုသိမ် စက်တင်ဘာ ၁၅

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းကို ယနေ့နံနက်ပိုင်းက စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၁) စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် မြို့နယ်စီမံကိန်းဦးစီးမှူးက အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ပုသိမ်ခရိုင်ဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါ သင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ ၂၆ ရက်အထိ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြား ပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ သိပ္ပံနည်းကျပူးပေါင်းဆောင်ရွက်

ညွှန့်ဝင်း(နတ်တလင်း)

လူနှင့် သတ္တဝါတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့အပေါ်မူတည်၍ အသက်ရှင်နေထိုင်ကြရသည်။ ဥတုအပေါ်တည်မှီအသက်ရှင်နေထိုင်ကြရာ၌ ပူခြင်း၊ အေးခြင်း၊ လေတိုက်ခြင်း၊ ဆီးနှင်းကျခြင်း၊ မိုးရွာခြင်း စသောရာသီဥတုအခြေအနေများကို မလွဲမသွေရင်ဆိုင်ကြရပါသည်။ မျှတကောင်းမွန်သော ရာသီဥတုကသာလျှင် သက်ရှိများရှင်သန်နေထိုင်ရေးကို အကျိုးပြုနိုင်ပေလိမ့်မည်။ ထိုမျှတသော ရာသီဥတုအခြေအနေကို ဖန်တီးပေးသော သဘာဝအခြင်းအရာများတွင် အိုဇုန်းလွှာလည်း အဓိကနေရာတွင် ပါဝင်နေသည်။

### သက်ရှိတို့ကို ကာကွယ်အကျိုးပြု

အိုဇုန်းလွှာသည် ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်မည့် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးထားသည့် သဘာဝအလွှာတစ်ခုဖြစ်သည်။ အိုဇုန်းလွှာဟူသောဝေါဟာရကို သိပ္ပံပညာရှင်များနှင့်သာ သက်ဆိုင်သော ဝေါဟာရဟု ထင်မှတ်ချင်ထင်မှတ်နေပေလိမ့်မည်။ အမှန်စင်စစ် အိုဇုန်းလွှာသည် လူသားသက်ရှိအားလုံးနှင့် သက်ဆိုင်ပါသည်။ အိုဇုန်းလွှာကို ပထမဆုံးရှာဖွေတွေ့ရှိသူများမှာ ပြင်သစ်လူမျိုး ရူပဗေဒပညာရှင် ချားလ်စ်ဖာဘရီနှင့် ဟင်နရီဘစ်ဆန်တို့ဖြစ်သည်။ ထိုအိုဇုန်းလွှာ၏ ဂုဏ်သတ္တိအစွမ်းများကို စူးစမ်းလေ့လာခဲ့သူမှာကား အင်္ဂလိပ်လူမျိုး မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါ့ဘဆင်ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးများ၏ကျေးဇူးကြောင့် အိုဇုန်းလွှာသည် လူသားအပါအဝင် သက်ရှိတို့ကို ကာကွယ်အကျိုးပြုနေသော သဘာဝဆုလာဘ်တစ်ခုဖြစ်ကြောင်း သိရှိလာကြသည်။

အိုဇုန်းလွှာသည် ကမ္ဘာ့မြေမျက်နှာပြင်အထက် ၁၂ မိုင်မှ မိုင် ၃၀ အမြင့်တွင်ရှိသော စထရာတိုစဖီးယားအလွှာ၏ အောက်ခြေတွင် တည်ရှိသည်။ ဘာသာရပ်ဆိုင်ရာ ဝေါဟာရအရ အိုဇိုနိုစဖီးယားဟု ခေါ်သည်။ အကြမ်းအားဖြင့် အိုဇုန်းလွှာသည် ကမ္ဘာမြေပြင်အထက် ကိုးမိုင်မှ ၁၉ မိုင် အကွာတွင် တည်ရှိသည်။ ကမ္ဘာတစ်ခုလုံးကို ဝန်းပတ်သိုင်းခြုံထားပြီး နေနှင့် ကမ္ဘာအကြားရှိသော သဘာဝကြားခံလွှာတစ်ခုဖြစ်သည်။ ကမ္ဘာသည် နေနှင့် မိုင်ပေါင်း ၉၃ သန်းခန့်ကွာဝေးသည်။ နေမှ ကမ္ဘာသို့ တောက်ပသော အလင်းရောင်နှင့် အပူရှိန်ကိုပေးသည်။ ထိုသို့ပေးသော နေရောင်ခြည်တွင် ခရမ်းလွန်ရောင်ခြည် ပါဝင်နေပေသည်။ ခရမ်းလွန်ရောင်ခြည်သည် လူနှင့် တိရစ္ဆာန်တို့ကို တိုက်ရိုက်ထိတွေ့ပါက အရေပြားကင်ဆာနှင့် မျက်စိအတွင်းတိမ်ရောဂါများဖြစ်စေသည်။ အနိမ့်ဆုံးအဆင့်အနေဖြင့် ခရမ်းလွန်ရောင်ခြည်ကြောင့် အရေပြားလောင်ကာ မူလအရေပြားအလှ ပျက်စီးရမည်ဖြစ်သည်။




ထို့ကြောင့် လူသားတို့အတွက် ဆိုးကျိုးဒုက္ခဖြစ်စေသော ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးသည့် အိုဇုန်းလွှာ၏အခန်းကဏ္ဍသည် အရေးပါလာပေသည်။ အိုဇုန်းလွှာတွင်ပါဝင်သော အိုဇုန်းဓာတ်မှ ကမ္ဘာသို့ ထုတ်လွှတ်သော ခရမ်းလွန်ရောင်ခြည်၏ ၉၃ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ စုပ်ယူကာကွယ်ပေးသည်။ ခရမ်းလွန်ရောင်ခြည်သည် အိုဇုန်းလွှာ ခံကတုတ်ကို မကျော်လွန်နိုင်သမျှ ကမ္ဘာပေါ်ရှိ လူသား၊ သစ်ပင်နှင့် တိရစ္ဆာန်တို့ကို ဒုက္ခမပေးနိုင်ပေ။

### အိုဇုန်းလွှာကာကွယ်ရေးနည်းလမ်းများကို ကြံဆောင်ခဲ့ကြ

ကမ္ဘာပေါ်ရှိ သက်ရှိတို့ကို ထိုသို့ အကာအကွယ်ပေးနေသော အိုဇုန်းလွှာကြီးသည် တဖြည်းဖြည်း ပါးလွှာပေါက်ပြဲလာသည့်အခါ အမိုးပေါက်နေသော အိမ်ကြီးအသွင်ဖြစ်လာသဖြင့် ကမ္ဘာမြေပြင်သို့ ခရမ်းလွန်ရောင်ခြည်များ တိုက်ရိုက်ကျရောက်လာပြီး ကမ္ဘာကြီးပူနွေးလာရသည်။ ရာသီဥတုဆိုးရွားမှုဒဏ်ကို သက်ရှိတို့ ခံစားလာကြရသည်။ ထိုသို့ဖြစ်ရခြင်းမှာ လူသားတို့၏ ပယောဂကြောင့်ပင်ဖြစ်သည်။ သိပ္ပံပညာ ထွန်းကားလာသည်နှင့်အညီ တိုးတက်ပေါ်ပေါက်လာသော စက်မှုလုပ်ငန်းများက အိုဇုန်းလွှာကို ဒုက္ခပေးတော့သည်။ စက်ကိရိယာများနှင့် စက်မှုလုပ်ငန်းအမျိုးမျိုးသည် အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေသော ဓာတုပစ္စည်းများကို သုံးစွဲရမှုကြောင့်ဖြစ်သည်။ လူသားများ၏ ဇိမ်ခံပစ္စည်းများဖြစ်သည့် ရေခဲသေတ္တာ၊ လေအေးပေးစက်နှင့် ရေမွှေးများ ပြုလုပ်ရာတွင် ကလိုရိုဖလူရိုကာဗွန်ကို အသုံးပြုသည်။ ၎င်းတို့မှထွက်ပေါ်လာသော ကလိုရိုဖလူရိုကာဗွန်ဓာတ်များ လေထဲတွင် အများအပြားစုဝေးလာသောအခါ အိုဇုန်းလွှာကို တိုက်စားကာ ပါးလွှာပေါက်ပြဲစေတော့သည်။ အိုဇုန်းလွှာ တစ်စစပေါက်ပြဲလာမှုကို ပညာရှင်တို့က ၁၉၈၅ ခုနှစ်ကတည်းက လေ့လာသိရှိခဲ့ကြသည်။ ထို့ကြောင့် အိုဇုန်းလွှာပျက်စီးမှု ကာကွယ်ရေးအတွက် စဉ်းစားခဲ့ကြသည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အတွင်း အိုဇုန်းလွှာပေါက်ပြဲမှုမှာ လွန်စွာဆိုးရွားလာပြီး အရွယ်အစား စတုရန်းမိုင် ၁၀ ဒသမ ၅ သန်းကျော်အထိ ရှိလာသည်။ ထို့ကြောင့် အိုဇုန်းလွှာ ထိန်းသိမ်းရေးကို အရေးတကြီးဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက ဆွေးနွေးခဲ့ကြပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ဦးစီးဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းတို့၏ စည်းလုံးညီညွတ်မှုဖြင့် အိုဇုန်းလွှာကာကွယ်ရေးနည်းလမ်းများကို ကြံဆောင်ခဲ့ကြသည်။ သို့နှင့် ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့၌ အိုဇုန်းလွှာထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုစာချုပ်ကို အိုဇုန်းလွှာပြုန်းတီးစေသော အရာဝတ္ထုများဆိုင်ရာ မွန်ထရီရယ်စာချုပ်ဟု ခေါ်သည်။ ထိုစာချုပ်လက်မှတ်ရေးထိုးခဲ့သော စက်တင်ဘာလ ၁၆ ရက်နေ့ကိုလည်း အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ ထိုနေ့ကို ကမ္ဘာသူ ကမ္ဘာသားအားလုံး အိုဇုန်းလွှာ၏ အရေးပါပုံကိုသိရှိပြီး မပြတ်သောသတိဖြင့် ဆင်ခြင်နေထိုင်ကျင့်ကြံနိုင်စေရန် ရည်ရွယ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

စာချုပ်ပါ စည်းကမ်းချက်များအရ အိုဇုန်းလွှာပြုန်းတီးပျက်စီးစေသော အာနိသင်ရှိသည့်ပစ္စည်း ၁၀၀ ခန့် ထုတ်လုပ်သုံးစွဲမှုကို အချိန်ဇယားရေးဆွဲ၍ တစ်ဆင့်စီ ဖျက်သိမ်းရန် သတ်မှတ်ခဲ့သည်။ လုပ်ငန်းများ ဆောင်ရွက်ရာ၌ စာရွက်ပေါ်တွင် သဘောတရားစည်းကမ်းသတ်မှတ်ချက်များ ဟန်ပြထားရှိမှု မဟုတ်ဘဲ အမှန်တကယ် လက်တွေ့ကျကျ ကြိုးပမ်းဆောင်ရွက်ကြပါသည်။ တရုတ်နိုင်ငံကစတင်၍ အိုဇုန်းလွှာ ပါးလွှာပျက်စီးစေသည့် ကလိုရိုဖလူရိုကာဗွန်ထုတ်လုပ်မှုကို ရပ်စဲခဲ့သည်။ ကျွန်တော်တို့မြန်မာနိုင်ငံကလည်း နိုင်ငံတကာနှင့်ပူးပေါင်း၍ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း၊ အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း စသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုး၍ လိုက်နာဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ်တွင် အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးစာချုပ် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်နိုင်ခဲ့ပြီး အမျိုးသားအဆင့် အိုဇုန်းယူနစ်ကို ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသော ဓာတ်ပစ္စည်းများ လျှော့ချရေး၊ အများပြည်သူများအား ပညာပေးရေး၊ စာချုပ်ပါတာဝန်များကို အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ကမ္ဘာ့အဖွဲ့နှင့်ပူးပေါင်းကာ နည်းပညာများ ရယူဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ၏ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC) သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေး စီမံကိန်းကို ၂၀၁၂ ခုနှစ်မှစ၍ ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ အိုဇုန်းလွှာပျက်စီးစေသော ဓာတ်ပစ္စည်းများ ချုပ်ကိုင်စေရေးအမိန့်ကို ၂၀၁၄ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

### အိုဇုန်းလွှာပျက်စီးမှုကို ထိန်းသိမ်းလာနိုင်ခဲ့

ကမ္ဘာ့အိုဇုန်းလွှာအပေါက်ကို ၂၀၀၆ ခုနှစ်တွင် နာဆာအဖွဲ့၏ ဖော်ထုတ်မှတ်တမ်းတင်ချက်အရ စတုရန်းမီတာ သန်း ၃၀ ခန့်ရှိခဲ့ပြီး ကမ္ဘာတစ်ဝန်း အိုဇုန်းလွှာထိန်းသိမ်းရေးအဖွဲ့၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုကြောင့် ရေိယာတဖြည်းဖြည်းကျဉ်းမြောင်းလာပြီး စတုရန်းမီတာ သန်း ၂၀ ခန့်သာ ရှိတော့ကြောင်း သိရသည်။ ကမ္ဘာတစ်ဝန်း လိုက်နာပူးပေါင်းဆောင်ရွက်မှုကြောင့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းသိမ်းလာနိုင်ခဲ့ရာ ကျန်ရှိနေသော ပမာဏမှာ ကမ္ဘာကြီးကိုကြီးမားစွာ ဒုက္ခမပေးနိုင်တော့ကြောင်း ပညာရှင်များက ဆိုပါသည်။ ၁၉၈၅ ခုနှစ်မှ စတင်စိုင်းပြင်းဆောင်ရွက်ခဲ့သော ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းစောင့်ရှောက်မှုသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ၃၉ နှစ် ပြည့်မြောက်ခဲ့လေပြီ။

ကမ္ဘာ့အိုဇုန်းလွှာကြီး ပြန်လည်ကောင်းမွန်လာသည်မှာ လူလုပ်ဓာတုပစ္စည်းများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လျှော့ချနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း နာဆာအဖွဲ့၏ မှတ်တမ်းများအရ သိရပါသည်။ ကျွန်တော်တို့စုပေါင်းနေထိုင်သော ကမ္ဘာသည် တစ်ခုတည်းသော အားကိုးမှီခိုရာ ကမ္ဘာဖြစ်သည်။ သို့ဖြစ်ရာ ကမ္ဘာသူ ကမ္ဘာသားအားလုံးသည် မိမိတို့မှီတင်းနေထိုင်သော ကမ္ဘာကြီးကို သဘာဝဘေးအန္တရာယ်တို့မှ ကင်းလွတ်သော၊ သာယာသော ကမ္ဘာကြီးဖြစ်လာစေရန် ယခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်ဖြစ်သည့် **“From Science to global action”** **“အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး”** ဟူသည့်အတိုင်း အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို သိပ္ပံနည်းကျ အတူတကွပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။

❖ **ကမ္ဘာ့အိုဇုန်းလွှာအပေါက်ကို ၂၀၀၆ ခုနှစ်တွင် နာဆာအဖွဲ့၏ ဖော်ထုတ်မှတ်တမ်းတင်ချက်အရ စတုရန်းမီတာ သန်း ၃၀ ခန့်ရှိခဲ့ပြီး ကမ္ဘာတစ်ဝန်း အိုဇုန်းလွှာထိန်းသိမ်းရေးအဖွဲ့၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုကြောင့် ဧရိယာတဖြည်းဖြည်းကျဉ်းမြောင်းလာပြီး စတုရန်းမီတာ သန်း ၂၀ ခန့်သာရှိတော့ကြောင်း၊ ကမ္ဘာတစ်ဝန်း လိုက်နာပူးပေါင်းဆောင်ရွက်မှုကြောင့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းသိမ်းလာနိုင်ခဲ့ရာ ကျန်ရှိနေသောပမာဏမှာ ကမ္ဘာကြီးကို ကြီးမားစွာဒုက္ခမပေးနိုင်တော့ကြောင်း ပညာရှင်များကဆို**

❖ **ကမ္ဘာ့အိုဇုန်းလွှာကြီး ပြန်လည်ကောင်းမွန်လာသည်မှာ လူလုပ်ဓာတုပစ္စည်းများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လျှော့ချနိုင်ခဲ့ခြင်းကြောင့်ဖြစ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ် ၁၇၉၀၃ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေးငွေကျပ် ၁၀၆၅ သန်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်သော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၄၂ ခု၊ မသန်စွမ်းပရဟိတဂေဟာတစ်ခု၊ အမျိုးသမီးဂေဟာတစ်ခုနှင့် ဘိုးဘွားရိပ်သာကိုးခု၊ စုစုပေါင်းဂေဟာ/ရိပ်သာ ၅၃ ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၆၉ ကျောင်းတို့အတွက် ထောက်ပံ့ကြေးငွေကျပ် ၅၈၈ ဒသမ ၉၇၂ သန်းနှင့် တိုက်ပွဲရှောင်ပြည်သူ ၄၈၅၅၅ ဦးအတွက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၂၉၁၃ ဒသမ ၃၀၀ သန်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်ပြီး စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ ၁၇၉၀၃ ဦး၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက စောင့်ရှောက်ထားသူ ၄၅၄၈ ဦးနှင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၄၈၅၅၅ ဦး စုစုပေါင်း ၇၁၀၀၆ ဦးအတွက် ထောက်ပံ့ငွေစုစုပေါင်းငွေကျပ် ၄၅၆၇ ဒသမ ၂၇၂ သန်း ထောက်ပံ့ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရန်ကုန်မြို့ ဗိုလ်အောင်ကျော် TMT ဆိပ်ကမ်းသို့ရောက်ရှိကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းထားပြီး လိုအပ်သောနေရာများ၌ ထပ်မံဖြည့်စွက်ဆောက်လုပ်ရန် နေရာရှင်းလင်းရေးဆောင်ရွက်နေစဉ်ကာလအတွင်း ခေတ္တထားရှိသော Container Office များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်နေရာများသို့ ရွှေ့ပြောင်းသယ်ယူမည့်အခြေအနေနှင့် အစီအမံတို့အပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့)သို့ ဆက်လက်သွားရောက်ကာ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထပ်မံထောက်ပံ့လှူဒါန်းမည့် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားခဲ့သော ရေဘေးသင့်ဒေသများအတွက် ရေသန့်စင်စက်တင်ယာဉ်၊ အသက်ကယ်ရော်ဘာလှေ၊ အသက်ကယ်ရော်ဘာဘောကွင်း အစရှိသည့် ရေဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာ ပစ္စည်းများရောက်ရှိလာပါက ခေတ္တထားရှိနိုင်ရေး သိုလှောင်ရုံများ ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဗဟိုသိုလှောင်ရုံဘေးရှိ အောင်သိဒ္ဓိချောင်း မြေထိန်းနံရံ ကာရံထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့၌ ကျော်ကြားကုသိုလ်ဖြစ်ဆေးဆိုင်ဖွင့်



**မော်လမြိုင် စက်တင်ဘာ ၁၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးတို့တွင် ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် ဆင်းရဲနွမ်းပါးသော လူနာများအား အခမဲ့ဆေးလှူဒါန်းပေးနိုင်ရန်အတွက် ကျော်ကြားကုသိုလ်ဖြစ်ဆေးဆိုင် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးဆိုင်၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးက ကုသိုလ်ဖြစ်ဆေးဆိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆေးဆိုင်အတွင်း လှည့်လည်ကြည့်ရှုအားပေးကာ ဆေးလက်မှတ်များဖြင့် လာရောက်ထုတ်ယူသည့် လူနာရှင်များထံ ဆေးဝါးပစ္စည်းများ အခမဲ့ပေးအပ်လှူဒါန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကုသိုလ်ဖြစ်ဆေးဆိုင်သည် စေတနာရှင်ကဏ္ဍ အနေဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုကို အခမဲ့ရရှိနိုင်ရေး ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားပြီး အလှူရှင် ဦးတင်လှိုင်က ကုသိုလ်ဖြစ်ဆေးဆိုင် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၆/၂၀၂၅) ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး ကော်မရှင်ရုံးခွဲ(မန္တလေး)၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၅**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်ရုံးခွဲ (မန္တလေး)သို့ သွားရောက်၍ ကော်မရှင်ရုံးခွဲ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။



### ထောက်ပံ့ပေးအပ်

တွေ့ဆုံပွဲတွင် ကော်မရှင်ရုံးခွဲ တာဝန်ခံ ညွှန်ကြားရေးမှူးက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ရုံးခွဲ (မန္တလေး) အနေဖြင့်လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်/ကောလိပ်များနှင့် စက်မှုလက်မှုသိပ္ပံ/ အထက်တန်းကျောင်း ၃၅ ခုတို့တွင် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ်နှင့် လူငယ်စကားဝိုင်းများကို လျာထား ကျင်းပလျက်ရှိရာ ထိရောက် အောင်မြင်မှုရှိအောင် ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများကို အထူး မှာကြားလိုသည်မှာ မကြာခင်ကာလ၌ ရွေးကောက်ပွဲ ကျင်းပတော့မည်ဖြစ်၍ ဝန်ထမ်းများအနေဖြင့် မပျက်မကွက် ဆန္ဒမဲပေးကြရန်၊ ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို ဝန်ထမ်းများ နားလည်သိရှိထားရန် လိုအပ်ကြောင်းနှင့် ရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် တတ်နိုင်သည့်ဘက်မှ အားလုံးပူးပေါင်းပါဝင်၍ ကူညီဆောင်ရွက်ကြရန် မှာကြားကာ ကော်မရှင်ဥက္ကဋ္ဌက ရုံးခွဲရှိ ဝန်ထမ်းများအတွက် ကြက်ဥ၊ စားသုံးဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ရုံးခွဲတာဝန်ခံက လက်ခံရယူသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌသည် ရုံးခွဲအဆောက်အအုံအတွင်း ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ထိခိုက်ပျက်စီးမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်ရုံးခွဲ(မန္တလေး) မြေနေရာနှင့်ကပ်လျက် တစ်ဆက်တည်းရှိသော စက်မှုဝန်ကြီးဌာနမှ လွှဲပြောင်းရယူမည့် မြေနေရာကိုလည်းကောင်း၊ ကော်မရှင်ရုံးခွဲ ဝန်ထမ်းအိမ်ရာကိုလည်းကောင်း၊ ဝန်ထမ်းမိသားစုများ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်အတွင်းရှိ မြို့နယ်များ၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ၊ သဘာဝမြေဆွေးပြုလုပ်ခြင်းသရုပ်ပြပွဲနှင့် သွင်းအားစုဓာတ်မြေဩဇာများပေးအပ်ပွဲ ကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် လေသာ-ဇီးကုန်း ကျေးရွာချင်းဆက်လမ်းဘေးဝဲ၊ ယာ၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးနှင့် ရာသီဥတုမှန်ကန်စေရေးအတွက် မဟော်ဂနီ၊ ကျွန်း၊ ခရေ၊ စိန်ပန်း၊ ဆီသပြေ၊ မဲဇလီစသည့် ပျိုးပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ပျိုးပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာရှေ့ ကျောက်ရောမြေသားလမ်းခင်းနေမှုနှင့် လမ်းဘေးဝဲ၊ ယာ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ ယာယီရှင်းလင်းဆောင်၌ကျင်းပသည့် သဘာဝမြေဆွေးပြုလုပ်ခြင်းသရုပ်ပြပွဲနှင့် သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှူးက သဘာဝမြေဩဇာပြုလုပ်ပုံ၊ ပြုလုပ်နည်းနှင့် နည်းစနစ်တကျ အသုံးပြုနည်းများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တောင်သူများထံ သွင်းအားစုဓာတ်မြေဩဇာနှင့် နေကြာမျိုးစေ့များ ပေးအပ်ကာ နှမ်းရိုး၊ မြေပဲရိုး၊ ဖွဲနု၊ နွားချေး၊ EM (သက်ရှိအနုဇီဝပိုး)တို့ဖြင့် သဘာဝမြေဆွေးပြုလုပ်ထားရှိမှုနှင့် သရုပ်ပြဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ဝိုင်းအနီး ရာဇသင်္ဂဟလမ်း လမ်းဘေးပလက်ဖောင်းများ ပြန်လည်ပြုပြင်နေမှုနှင့် လမ်းဘေးဝဲ၊ ယာ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာအစီအမံများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်သူရဦး(ဒက္ခိဏ)**

# လပွတ္တာခရိုင်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



လပွတ္တာ စက်တင်ဘာ ၁၅

ဧရာဝတီတိုင်း ဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲများနှင့် ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ဆောင်ရွက်ခဲ့သည်။

လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဝါဝါသိန်း၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူးများနှင့် ဝန်ထမ်းများသည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၂၂ ခုနှစ် မတ်လ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၂)အရ နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ငါးသလောက်ငါးမဖမ်းရ ရာသီပိတ်ထားသည့် နေရာလေးနေရာအနက် လပွတ္တာခရိုင်အတွင်းရှိ ရွှေးမြစ်ကြောင်း၊ ပြန်မလော့ မြစ်ကြောင်း၊ ဘိုကလေး-ရာဇူတိုင်-ဧရာဝတီမြစ်ကြောင်းတွင် ပါဝင်သော ရာဇူတိုင်မြစ်တို့နှင့် ဆက်စပ်ကျေးရွာများရှိ ရေလုပ်သားများအား သွားရောက်တွေ့ဆုံ၍ ရာသီပိတ်ကာလနှင့် နေရာဒေသများတွင် ငါးသလောက်ဖမ်းဆီးခြင်း မပြုကြရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။

ခရိုင်ဦးစီးမှူးနှင့်အဖွဲ့က မြစ်ကြောင်းများအတွင်း သွားရောက်ပြီး ရေလုပ်သားများနှင့်တွေ့ဆုံ၍ ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ငါးသလောက်ငါးမဖမ်းဆီးရရာသီပိတ်ကာလနှင့်ပတ်သက်၍ ကွင်းဆင်းပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ငွေစု၊ ငွေချေးသမဝါယမအသင်း၏ ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မေတ္တာအထွေထွေ ရောင်းဝယ်ရေးသမဝါယမအသင်း၏ ၂၀၂၄၊ ၂၀၂၅ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီက အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်အသင်းဥက္ကဋ္ဌ ဦးဘုန်းမြင့်က အသင်းတိုးတက်အောင် ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သမဝါယမအသင်းများ၏ အသင်းဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အသင်းအမှုဆောင်နှစ်ဦးက ဘဏ္ဍာရေးနှစ် အစီရင်ခံစာနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာများ ဖတ်ကြားပြီး တက်ရောက်လာသူများအား အသင်းသား လက်ဆောင်ပေးအပ်ခြင်းနှင့် အစုပေါ်အမြတ်၊ စုဆောင်းငွေပေါ် အတိုးများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ သာဂရအမြန်လမ်းရဲစခန်းမှ စခန်းမှူးရဲအုပ်မြင့်ကျော်ဦး ဦးစီး၍ အရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက တောင်ငူဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းစဉ်။

ကိုရဲ

(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခန္တီးမြို့ ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စက်တင်ဘာ ၁၄ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွဋ်၊ မြို့နယ်ခေတ္တရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်နိုင်ဦးတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

အေးခိုင်(ပြန်/ဆက်)





စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်က မဟာရွှေစည်ကြီးစေတီတော်၌ ကန့်ဘလူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်ဝင်းတို့ ဦးဆောင်မှုဖြင့် အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မျိုးဝင်းညို(ကျွန်းလှ)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်က ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဓမ္မရုံသီအိမ်တော်ရာစေတီ၌ ကျောက်တံတားခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်၏ကြီးကြပ်မှုဖြင့် လသာမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးအောင်လွင်ဦး ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

အောင်မြင့်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်က နတ်တလင်းခရိုင် ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်ဝင်း ဦးစီးသော တပ်ဖွဲ့ဝင်မိသားစုများနှင့် စာရေးဝန်ထမ်းများက ပြည်မြို့ ခုတင် (၅၀၀) ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။

ခရိုင်(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၇)တွင် ပါဝင်တက်ရောက်ကြမည့်အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၇) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။



အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၇)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။







ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ် -

၁။ ပြည်သူ့စစ်မှုထမ်းကို လာရောက်တာဝန်ထမ်းဆောင်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော့်ရဲ့ ဆန္ဒပါ၊ အိမ်ကမိဘဆွေမျိုးတွေရဲ့ ဆန္ဒပါလို့ တာဝန်ထမ်းဆောင်တာလည်း ဖြစ်ပါတယ်။ ဒီအပတ်စဉ် (၁၇) ပြည်သူ့စစ်မှုထမ်းကို တာဝန်ကျေကျေနဲ့ပဲ ထမ်းဆောင်သွားပါမယ်။ ထမ်းဆောင်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရဲ့ ပြည်သူတွေကို စောင့်ရှောက်ချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ နှစ်နှစ် တာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့ ကာလကို တာဝန်ကျေကျေ လေးလေးနက်နက် ရိုရိုသေသေ လေးလေးစားစားနဲ့ တာဝန်ထမ်းဆောင်သွားပါမယ်လို့ ပြောချင်ပါတယ်။

၂။ ကျွန်တော် ဒီသင်တန်းတက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ အမျိုးဘာသာသာသနာ အကုန်လုံးကို တစ်တပ်တစ်အား တစ်ထောင့်တစ်နေရာကနေပြီးတော့ စောင့်ရှောက်ချင်တဲ့ ဆန္ဒဖြစ်ပါတယ်။ မိဘတွေကို ခွင့်တောင်းတဲ့အချိန်မှာ မိဘတွေကလည်း ခွင့်ပြုခဲ့ပါတယ်။ ကျွန်တော့်ဆန္ဒလည်း ပါပါတယ်။ နှစ်နှစ် တာဝန်ထမ်းဆောင်ပြီးလို့ရှိရင် တပ်မတော်က ကျွန်တော့်ကို ထပ်ပြီးလိုအပ်နေမယ်ဆိုရင်တော့ ကျွန်တော်ဆက်ပြီး တာဝန်ထမ်းဆောင်ဖို့ ရှိပါတယ်။

၃။ ကိုယ့်သဘောကိုယ့်ဆန္ဒနဲ့ လာတက်တာပါ။ အိမ်ကမိဘတွေလည်း အကုန်လုံးခွင့်ပြုပါတယ်။ တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်က မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် အေးချမ်းသာယာဖို့အတွက် တစ်ထောင့်တစ်နေရာကနေ အထောက်အကူလေး ဖြစ်စေချင်လို့ပါ။

သတင်းစဉ်







# ကျိုင်းတောင်းမြို့နယ် နောင်ခမ်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့နယ် နောင်ခမ်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူ ၁၉၈ ဦးတို့ကို သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---



ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးနယ်မြေရဲစခန်းမှ နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းသူအောင် ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များ စုစုပေါင်း ၃၅ ဦးတို့က (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်က နမ္မတီးမြို့ မြို့မရပ်ကွက်ရှိ အထက(နမ္မတီး)ကျောင်းဝင်းအတွင်း ချုံနွယ်မြက်ပင်များ စုပေါင်းရှင်းလင်းဆောင်ရွက်ကြစဉ်။

သန်းလွင်ဦး(ပြန်/ဆက်)



ကရင်ပြည်နယ် ဘားအံမြို့၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ဘားအံမြို့ လှာကာကျေးရွာရှိ အထက(လှာကာ)ကျောင်းတွင် အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ဦးဆောင်မှုဖြင့် အရာရှိ၊ အရာခံ၊ တပ်ဖွဲ့ဝင် ၆၁ ဦး၊ ဆရာ ဆရာမ ၃၀ တို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



ကျိုက်မရောမြို့နယ်တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနော်ခမ်း ဦးစီး၍ မြို့မရဲစခန်းမှ အရာရှိ ငါးဦး၊ အခြားအဆင့် ၂၀၊ မိသားစုဝင် ငါးဦး စုစုပေါင်း ၃၀ တို့က မြို့နယ် ဆေးရုံကြီးဝင်းအတွင်း မြက်ပင်များ၊ ချုံနွယ်များ၊ ရေမြောင်းများ ရှင်းလင်းခြင်းကို စက်တင်ဘာ ၁၃ ရက်က စုပေါင်းဆောင်ရွက်စဉ်။

ကျိုက်မရော(ပြန်/ဆက်)

---

# တောင်တွင်းကြီးမြို့ မြို့မဈေးအတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး စက်တင်ဘာ ၁၅**

မကွေးတိုင်း ဒေသကြီး တောင်တွင်းကြီး မြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေး အသိပညာပေး လက်ကမ်း



စာစောင်များဖြန့်ဝေခြင်းကို ယနေ့ နံနက် ၇ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ကြွပ်ကြွပ်အိတ် အသုံးပြုမှု လျှော့ချရေး အတွက် အသိပညာပေးခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။ **နောင်နောင်(ဗိသနိုးမြေ)**

---

# လွိုင်လင်မြို့၌ အသက် ၁၀၂ နှစ်ရှိ အဘွားကို e-ID ကတ် ကွင်းဆင်းဆောင်ရွက်ပေး

**လွိုင်လင် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့ အမှတ်(၂)ရပ်ကွက် ဂေါက်ကွင်းလမ်းနေ အသက် (၁၀၂)နှစ်ရှိ အဘွား မိုးဖလေးအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လွိုင်လင်မြို့နယ်ရုံးမှ တာဝန်ရှိသူများက e-ID ကတ် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေ့ချင်းပြီး ဆောင်ရွက်ပေး**

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင်မြို့နယ်လက်ထောက်ဦးစီးမှူး ဦးအမ်ဒီအိုင်ဇက်နှင့် ဝန်ထမ်းများက e-ID ကတ်ထုတ်ပေးနိုင်ရန် လိုအပ်သည့် အချက်အလက်များရေးသွင်းခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊



မျက်လုံးစကန်ဖတ်ခြင်း၊ လက်ဗွေရယူခြင်းများ ပြုလုပ်ဆောင်ရွက်ပြီး e-ID ကတ်ကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လွိုင်လင်မိုး

---

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၂၁ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၁၅-၉-၂၀၂၅)ရက်နေ့ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၇-၉-၂၀၂၅)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၄-၉-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆၂၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လက်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နေမှု ကြည့်ရှုအားပေး



**လွိုင်ကော် စက်တင်ဘာ ၁၅**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယာယီနေရပ်စွန့်ခွာရာမှ ပြန်လည်ဝင်ရောက်နေထိုင်ကြသည့်ပြည်သူများ စနစ်တကျပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ ရပ်ကွက်/ကျေးရွာများရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ပြန်လည်ဖွင့်လှစ်သည့် အခြေခံပညာအထက်တန်းကျောင်းနှင့် ထေးသမ(လေ့ကျင့်ရေးအလယ်တန်းကျောင်း)တို့သို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့ပြန်လည်ဖွင့်လှစ်သည့် ပန်ကန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ မိုင်းလုံးရပ်ကွက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် ထေးသမရပ်ကွက် ထေးသမ(လေ့ကျင့်ရေးအလယ်တန်းကျောင်း)တို့သို့ ရောက်ရှိကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးရာ ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်းဖွင့်လှစ်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့ ပြန်လည်ဖွင့်လှစ်သည့် အခြေခံပညာကျောင်း သုံးကျောင်းတွင် ကျောင်းသား ကျောင်းသူ ဦးရေ ၃၈၀ တက်ရောက်ပညာသင်ကြားလျက်ရှိပြီး နေရပ်ပြန်လည်ဝင်ရောက်လာသည့် ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်နှံ/လက်ခံခြင်းများ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## မိုင်းရယ်မြို့နယ် ဖဖာကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ ကျင်းပ

**မိုင်းရယ် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့၌ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် နောင်မိုကျေးရွာအုပ်စု ဖဖာကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ကို ယနေ့နံနက် ၁၁ နာရီက ကျင်းပသည်။

ဖဖာကျေးရွာ ပညာ့အလင်းစာကြည့်တိုက်တွင် ကျေးရွာနေပြည်သူများနှင့် မူလွန်(နောင်မို)ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာလာက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မိမိကျေးရွာစာကြည့်တိုက် ရှင်သန်ခိုင်မာရေး၊ ကျေးရွာရှိကလေးငယ်များ စာပေဖတ်ရှုမှု အားကောင်းလာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန် ဟောပြောသည်။

ဆက်လက်၍ နယ်လှည့်စာကြည့်တိုက်အဖြစ် ကျေးရွာနေ ကလေးငယ်များအား စာဖတ်ဝိုင်းပြုလုပ်ပေးခြင်း၊ စာအုပ်ငှားရမ်းပေးခြင်းနှင့် နံရံကပ်စာစောင်ပြသခဲ့ကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)

## ကော့မှူးမြို့နယ် အထက(နတ်စင်ကုန်း)၌ လူငယ်စကားဝိုင်း ကျင်းပ

**ကော့မှူး စက်တင်ဘာ ၁၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု လူငယ်စကားဝိုင်း၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဂိမ်းကစားပြိုင်ပွဲများကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (နတ်စင်ကုန်း)၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်နုနုကြည်က မုဒိတာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ဗလငါးတန် ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားများ ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများကို ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

## တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ပုသိမ် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းများနှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက (၂)ပုသိမ်မှ ကျောင်းသား ကျောင်းသူများက ပညာရည်ချွန် ဆုနှင်းသဘင်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် အောင်ချက်အကောင်းဆုံးရရှိသော ကျောင်းများနှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## ကျိုက်ထိုမြို့ အထက(၁)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ကျိုက်ထို စက်တင်ဘာ ၁၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်/လူရွယ်များ ဗလငါးတန် ဖွံ့ဖြိုးရေးလူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကျိုက်ထိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အထက(၁)ကျိုက်ထိုမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝေနှင့် စာပေချစ်သူများအသင်း အဖွဲ့ဝင် ဦးတင်ထွေးတို့က အမှာစကားပြောကြားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)



## ဇီးကုန်းမြို့နယ်၌ စာစီစာကုံးပြိုင်ပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် ဆုပေးပွဲ ကျင်းပ

**ဇီးကုန်း စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရီရီမြင့်က ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၉ ဦးတို့က “မြတ်ဆရာ”ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# စီးပွားရေးဆိုင်ရာလုပ်ငန်းများ Business Matching ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းတို့ ပူးပေါင်း၍ စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့် အိမ်ရာစီမံကိန်း ရင်းနှီးမြှုပ်နှံမှုများ အကောင်အထည်ဖော် ဆောင်ရွက်မှုပြပွဲ Business Matching ကို စက်တင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ သံသုမာလမ်းရှိ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ စည်းရုံးရေးနှင့် အသင်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းဆွေက အမှာစကား ပြောကြားပြီး မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း နာယက ဒေါ်စန်းစန်းရီက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် Product Presentation Session ကုမ္ပဏီများက မိမိတို့ကုမ္ပဏီနှင့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

Business Matching တွင် ဘဏ်များ၊ ဆောက်လုပ်ရေး၊ အိမ်ရာစီမံကိန်းများ၊ ထရန်စဖော်မာ၊ ဈေးဝယ်စင်တာ၊ ကျောက်မျက်လုပ်ငန်း၊ ခရီးသွား၊ အထည်ချုပ်၊ အိမ်တွင်းအလှဆင် လုပ်ငန်း၊ ပညာရေးဝန်ဆောင်မှု ကုမ္ပဏီလုပ်ငန်းပေါင်း ၂၀ ကျော်တို့က စီးပွားရေး လုပ်ငန်းအမျိုးအစားများကို ပြသမိတ်ဆက်ကြသည်။




အခမ်းအနားအပြီးတွင် ပါဝင်ပြသခဲ့ကြသော ကုမ္ပဏီနှင့် လုပ်ငန်းများကို မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်းနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသူရ**



အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက်က ဗိုလ်တထောင်မြို့နယ် ရဲရိပ်သာရပ်ကွက်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရင်ပြင်၌ ဗိုလ်တထောင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဘုန်းကျော်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဇင် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှ အရာရှိများနှင့် ရဲတပ်ဖွဲ့များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခင်ဝင်း(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ပြည်မြို့ရှိ အမှတ် (၃၇) မူးယစ်တပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ပြည်မြို့ ရွာဘဲရပ်ကွက် လေးထပ်ပြင်စေတီတော် ပရိဝုဏ်နှင့် ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း/အပြင်တို့၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်သရိုက်များအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

# မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲက ချမ်းမြသာစည်မြို့နယ် အမှတ် (၁၃) အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၅၀ ကျော် တက်ရောက်ကြသည်။

ဦးစွာ ကျောင်းအုပ်ကြီး ဦးနိုင်ဦးက အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ မူးယစ်သမိုင်းကြောင်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က ဟောပြောပြီး မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ် အကြောင်းတို့ကို အတွင်းရေးမှူး ဦးမြင့်သန်းနှင့် ဦးသန့်ဇင်ဦးတို့က ရှင်းလင်းဟောပြောသည်။




ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က မေးခွန်းများမေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများနှင့် ဟောပြောသူများအား ဆုချီးမြှင့်၍ ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါး မသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုကြကြောင်း သိရသည်။

**တင်မောင်(မန်း)**



# ဒေးဒရဲမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးအသိပညာပေး

**ဒေးဒရဲ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးလောင်ဆုံးရှုံးမှု လျော့နည်းပပျောက်စေရန် ဒေးဒရဲမြို့ အမှတ်(၂) ရပ်ကွက်၌ တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့သည်။

အသိပညာပေး စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး၏ စီမံကြီးကြပ်မှုဖြင့် ရပ်ကွက်နေပြည်သူများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရမည့်အချက်များနှင့် မီးလောင်မှုဖြစ်ပွားစေနိုင်သော အချက်များ၊ လျှပ်စစ်မီးကြိုး သွယ်တန်းထားရှိမှု၊ လူနေအိမ်ဝန်းကျင် အမှိုက်ကင်းစင်ရေး၊ မီးချိတ်မီးကပ်များ၊ သဲအိတ်နှင့် ရေများထားရှိစေရန် လက်ထောက်မီးသတ်ဦးစီးမှူး ဦးစိုးငြိမ်းသူနှင့် သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များက စစ်ဆေးအသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရော်ဦးသာ**

# လှည်းကူးမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**လှည်းကူး စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှည်းကူးမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းတို့က အိုဇုန်းလွှာ၏ ဖွဲ့စည်းပုံ၊ တည်ရှိမှုနှင့် အိုဇုန်းလွှာမှ သက်ရှိများအတွက် အကာအကွယ်ပြုမှုများ၊ အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အခမ်းအနားစတင်ကျင်းပခဲ့မှု၊ ဆောင်ပုဒ်နှင့် ဆောင်ပုဒ်၏ ရည်ရွယ်ချက်အကြောင်းတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






# မြောင်းမြမြို့ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း ဆောင်ရွက်

**မြောင်းမြ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ် (၈) ရပ်ကွက်ရှိ အဆင့်မြင့် မြမင်္ဂလာရုပ်ရှင်ရုံ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြောင်းမြမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်မင်းသူ၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းလွင်နှင့် တပ်ဖွဲ့ဝင်များက မြမင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံရှိ တပ်ဆင်ထားသော မီးဘေးလုံခြုံရေး ပစ္စည်းကိရိယာများကို လက်တွေ့အသုံးပြုနိုင်ခြင်း ရှိ/မရှိ စစ်ဆေးပြီး အရေးပေါ်မီးလန့်မှု/ မီးလောင်မှုများ ဖြစ်ပွားလာပါက နည်းစနစ်မှန်မှန်ဖြင့် အသုံးပြုတတ်စေရန် မြမင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ တာဝန်ခံနှင့် ဝန်ထမ်းများအား မီးဘေးအန္တရာယ်နှင့် ပတ်သတ်သည့် ဆောင်ရန်/ ရှောင်ရန်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

## ရုရှား - ဘယ်လာရုစ် ပူးတွဲစစ်ရေးလေ့ကျင့်မှု ဆောင်ရွက်



မင့်စ် စက်တင်ဘာ ၁၅

ရုရှား - ဘယ်လာရုစ် နှစ်နိုင်ငံတပ်မတော်များကြား Zapad-2025 ဟု အမည်ရသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဘယ်လာရုစ်နိုင်ငံ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပသည်။

ယင်းစစ်ရေးလေ့ကျင့်မှုအတွင်း ခြေလျင်တပ်ဖွဲ့များက ရန်သူများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ တပ်ဖွဲ့ဝင်များက ဆိုင်ကယ်များပေါ်မှ လက်နက်ဖြင့် ပစ်ခတ်ခြင်းနှင့်လေကြောင်းကာကွယ်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် ထိခိုက်ဒဏ်ရာရရှိသည့် တပ်ဖွဲ့ဝင်များနှင့် ပစ္စည်းကိရိယာများကို စက်ရုပ်များဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ လေ့ကျင့်ခန်းအတွင်း ခြေလျင်တပ်ဖွဲ့ဝင်များက မမြင်ကွယ်ရာမှ စောင့်ကြည့်ကာကွယ်ပေးခြင်းတို့ကို လေ့ကျင့်ခဲ့သည်။ ယင်းစစ်ရေးလေ့ကျင့်မှုကို နိုင်ငံ ၁၅ နိုင်ငံမှ သတင်းထောက် ၁၅၀ ကျော်က သတင်းရယူခဲ့ကြောင်း ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ဆောင်ရွက်မည့် အဆိုပါစစ်ရေးလေ့ကျင့်မှုသည် ဘယ်လာရုစ်နိုင်ငံကာကွယ်ရေးနှင့် ကျူးကျော်မှုများကို တိုက်ထုတ်ရေးအတွက် အသင့်ပြင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## တရုတ်နိုင်ငံသို့ ရုရှားနိုင်ငံသားများ ပြည်ဝင်ခွင့်ဗီဇာမလိုဘဲ လာရောက်နိုင်မည်

မော်စကို စက်တင်ဘာ ၁၅

တရားဝင်နိုင်ငံကူးလက်မှတ်ရှိသူ ရုရှားနိုင်ငံသားများသည် ယခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်၍ တရုတ်နိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာ မလိုဘဲ ရက် ၃၀ အထိ လာရောက်နိုင်မည်ဖြစ်သည်။

ရုရှားနိုင်ငံသားများအား လာမည့်နှစ်စက်တင်ဘာ ၁၄ ရက်အထိ ပြည်ဝင်ခွင့်ဗီဇာမလိုဘဲ တရုတ်နိုင်ငံသို့ လာရောက်ခွင့်ပြုမည်ဖြစ်ကာ ခရီးသွားလာရေးလုပ်ငန်းဖြင့်လာရောက်ခြင်း၊ စီးပွားရေးကိစ္စဖြင့်လာရောက်ခြင်း၊ ဆွေမျိုးများထံလာရောက်ခြင်းနှင့် အလည်အပတ်ခရီးသွားရာ ဒေသအဖြစ် လာရောက်ခြင်းကို ခွင့်ပြုမည်ဖြစ်သည်။ လာရောက်လိုသူ ရုရှားနိုင်ငံသား များအနေဖြင့် နိုင်ငံကူးလက်မှတ်သက်တမ်း ခြောက်လရှိရမည်ဖြစ်ကာ တရုတ်နိုင်ငံရှိ ဒေသများသို့ သွားရောက်ရန် အခွင့်အရေးများရရှိမည်ဟု သိရသည်။

ကိုးကား - တက်စ်သတင်းဌာန
ဘာသာပြန် - စိုးသူရ



## ဂါဇာဒေသ၌ ဆောင်ရွက်နေသည့် အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုများအား အကူအညီပေးမည်ဟု အမေရိကန်ပြောကြား

ဂျေရုဆလင် စက်တင်ဘာ ၁၅

ဂါဇာဒေသ၌ ဆောင်ရွက်နေသည့် အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုများအား အမေရိကန်က အကူအညီများပေးမည်ဟု အစ္စရေးနိုင်ငံသို့ ရောက်ရှိနေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက ပြောကြားသည်။

ဟားမတ်စ်အဖွဲ့အား ချေမှုန်းရေးအတွက် ဆောင်ရွက်ရန် ၎င်းက ပန်ကြားခဲ့သည်။

ဂါဇာ ဒေသခံများသည် ကောင်းမွန်သည့် အနာဂတ်ကို ရရှိရေးအတွက် ထိုက်တန်သူများ ဖြစ်ကြောင်းနှင့် ဟားမတ်စ်အဖွဲ့ကို ချေမှုန်းမှသာ ၎င်းတို့ အနာဂတ်ကိုရရှိမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲကျင်းပစဉ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

မကြာမီက ကာတာနိုင်ငံ ဒိုဟာမြို့တွင် ညှိနှိုင်းရေးအတွက် ရောက်ရှိနေသည့် ဟားမတ်စ် ကိုယ်စားလှယ်အဖွဲ့အား အစ္စရေးက တိုက်ခိုက်ခဲ့ခြင်းနှင့် ပတ်သက်၍ အာရပ်နိုင်ငံများ၏ တုံ့ပြန်မှုကို စောင့်ကြည့်ရမည်ဟု အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးက ပြောကြားသည်။ မာကိုရူဘီယို အစ္စရေးသို့ လာရောက်လည်ပတ်နေသည့်အချိန်တွင် အစ္စရေးတပ်မတော်က ဂါဇာဒေသတွင် တိုက်ခိုက်မှုများ ဆောင်ရွက်နေသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ အီဘိုလာရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်

ကင်ရှာဆာ စက်တင်ဘာ ၁၅

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ ကာဆီပြည်နယ်၌ အီဘိုလာရောဂါ ကူးစက်မှုများတွေ့ရှိရသည်ဖြစ်၍ ကာကွယ်ဆေးထိုး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ယခုကာကွယ်ဆေးထိုးလုပ်ငန်းများဆောင်ရွက်ရာတွင်ကျန်းမာရေးလုပ်သားများနှင့် ရောဂါကူးစက်ခံရသူများနှင့်ထိတွေ့ခဲ့သူများအား ထိုးနှံပေးခဲ့ကြောင်း သိရသည်။ အီဘိုလာရောဂါဖြစ်ပွားမှု ဗဟိုချက်ဖြစ်သည့် ဗူလာပီဒေသတွင် ကာကွယ်ဆေးအလုံး ၄၀၀ ကို ထိုးပေးခဲ့သည်။ ကန်ဆီပြည်နယ်တွင် စက်တင်ဘာ ၄ ရက်က အီဘိုလာရောဂါ ကူးစက်မှုများ



တွေ့ရှိခဲ့ရသဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း အာဖရိကကူးစက်ရောဂါထိန်းချုပ်ရေးစင်တာ တာဝန်ရှိသူ ယွန်ကက်ဆီရာက ပြောကြားသည်။

လက်ရှိအချိန်တွင် အီဘိုလာရောဂါ ထပ်မံကူးစက်မှုများတွေ့ရှိနေရပြီး ကျန်းမာရေးစနစ်အား စိန်ခေါ်မှုများ ဖြစ်ပွားနေကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## အစ္စရေးအား ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဟူသီအဖွဲ့ပြောကြား

ဆာနား စက်တင်ဘာ ၁၅

ပြီးခဲ့သည့် တစ်ရက်အတွင်း အစ္စရေးအား ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဟူသီအဖွဲ့က စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ယခုတိုက်ခိုက်မှုသည် အစ္စရေးနိုင်ငံရှိ ရာမုန်လေဆိပ်နှင့် နာဂက်စ်ဒေသရှိ စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို ရည်ရွယ်တိုက်ခိုက်ခြင်းဖြစ်သည်။

ဒုံးကျည်သုံးစင်းဖြင့် ရာမုန်လေဆိပ်အား ပစ်ခတ်ခဲ့ကာ ကျန်ဒုံးကျည်တစ်စင်းဖြင့် နာဂက်စ်ဒေသရှိစစ်ဘက်ဆိုင်ရာ ပစ်မှတ်ကို ပစ်ခဲ့ကြောင်း သိရသည်။ ပစ်မှတ်များအားလုံးသည် အစ္စရေးနိုင်ငံတောင်ပိုင်းတွင် တည်ရှိသည်။



အစ္စရေးလေယာဉ်များက ဒုံးကျည်များအား အောင်မြင်စွာ ပစ်ချနိုင်ခဲ့ကြောင်း အစ္စရေးတပ်မတော်က လူမှုမီဒီယာ အိက်စ်တွင်ပြောကြားသည်။ ယီမင်နိုင်ငံရှိ ဒေသအများအပြားကို ထိန်းချုပ်ထားသည့် ဟူသီအဖွဲ့သည် ဂါဇာဒေသတွင် လက်နက်ကိုင် ပဋိပက္ခစတင်ချိန် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ အစ္စရေးအားတိုက်ခိုက်ခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## ပြန်လည်ပြည့်ဖြိုးမြဲလောင်စာ အသုံးပြုခြင်းကို ၂၀၃၅ ခုနှစ်တွင် လေးဆမြှင့်တင်ရန် ဂျပန်နှင့် ဘရာဇီး သဘောတူ

တိုကျို စက်တင်ဘာ ၁၅

ပြန်လည်ပြည့်ဖြိုးမြဲ လောင်စာအသုံးပြုခြင်းကို ၂၀၃၅ ခုနှစ်တွင် လေးဆမြှင့်တင်ရန် ဂျပန်နှင့် ဘရာဇီးတို့က သဘောတူခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ကျင်းပသည့် အစည်းအဝေးတွင် ဂျပန်နှင့် ဘရာဇီးကြား သဘောတူခဲ့ကြခြင်းဖြစ်သည်။ ယင်းအစည်းအဝေးသို့ အာရှ၊ ဥရောပနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ကမ္ဘာ့နိုင်ငံများတွင် အစိုးရနှင့် ပုဂ္ဂလိကကြား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သုံးစွဲမှုမြှင့်တင်ရေး ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိနေကြောင်း ဂျပန်စက်မှုဝန်ကြီး မူတိုရိုဂျီက ပြောကြားသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ကမ္ဘာ့နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

**အရေးယူဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "pyaephyopaing62" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျောက်ကြီးစုရပ်ကွက်နေ ပြည့်ဖြိုးပိုင်အား ည ၈ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Chit Chit Chaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒိုက်ဦးမြို့နယ် ဖအောင်ဝဲရပ်ကွက်နေ ချစ်ချစ်ချောအား ည ၉ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဟုမ္မလင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀) နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်၌ တရားမဝင်ကျွန်းသစ် ၂၄ ဒသမ ၀၃၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆၈၂၆၀၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၈၂၆၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၃ ရက်တွင် ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၉၆၂၁၇၉၂ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၀၀၆၂၁၇၉၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက်နှင့် ၁၂ ရက်တို့တွင် ဘားအံမြို့ ထီးပို့ကလို့လမ်းဆုံ၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး၊ Mazda Wagon တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၂၄ မျိုး၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၅၈၇၇၀၀)ကိုလည်းကောင်း၊ ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ထောင်ဝိတောင်(၁၂)လမ်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Aung Zeya MPV Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို လည်းကောင်း၊ တာချီလိတ်မြို့ တာချီလိတ်-ဝမ်ပုံကားလမ်းမဘေး စွတ်ဆိုင်ကျေးရွာရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၁၅၂၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇ မျိုး၊ လူသုံးကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၄၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၈၅၀၀၀၀)ကိုလည်းကောင်း၊ စက်တင်ဘာ ၁၃ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၀၇၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၄၇၉၂၇၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အကောက်ခွန်ဦးစီးဌာနမှ သိမ်းဆည်းရမိမှု။

စက်တင်ဘာ ၄ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၀၂၀၂၃၇၀၉၂ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများကယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၉-၂၀၂၅ အင်္ဂါနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ကမ္ဘာ့အိုဇုန်းလွှာနေ့အထိမ်းအမှတ်အစီအစဉ် "သတ္တလောကအတွက်အရေးပါတဲ့အိုဇုန်းလွှာ"
၀၉:၁၀ ထူးခြားစုံလင်အာရုပစိဖိတ်အစီအစဉ်
၀၉:၄၀ Sports Diary
၁၁:၁၅ ကမ္ဘာ့လူနာဘေးကင်းလုံခြုံရေးနေ့ အထိမ်းအမှတ်အစီအစဉ် "လူနာဘေးကင်းလုံခြုံဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့"
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဆောင်အပြုံးနဲ့ အမုန်း' (အပိုင်း-၇)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ကော်ဝင်စားပွဲ' (အပိုင်း-၄၆+၄၇)
၁၅:၃၀ Weekly MNL Review
၁၆:၃၅ ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ
၁၇:၂၅ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရေးနေ့ထားသောကိုယ်စားလှယ်အချိုးကျစနစ်(MMP) အကြောင်း သိကောင်းစရာ"
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) 'ကော်ဝင်စားပွဲ' (အပိုင်း-၄၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုန်တိုင်းတစ်ခုရဲ့နှိုးဆော်' (အပိုင်း-၁၆)
၂၂:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

07:02 Evergreen Classic: Myitta (Kyawt Kay Khaing)
07:07 Shwezigon Pagoda
07:37 Gardener of Royal Thazin Floral
08:01 News
08:26 Topics Potpourri; Rapid Delivery Boom; From Lunchboxes To Lightning-Fast Commerce
08:32 Ecotourism: The world Famous Novelist George Orwell's House
08:49 Let's Plant Trees for the Healthy Planet
09:01 Topical Science Topics: Beauty of Marine Life
09:25 Myanmar Puppeteers (Ogre Dance)
09:33 Hand In Hand To Prevent and Fight Drug Abuse
10:01 News
10:26 Lifestyle & Entertainment

### Me

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ကရင်)
၀၆:၅၀ မြန်မာသံစဉ်တေးသီချင်းများ
၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ 'အတ္တဝေဒ' (အပိုင်း-၁၁)
၀၇:၄၅ စတီရီယိုတေးသီချင်းများ
၀၈:၁၅ K Pop Music Gallery(34)
၀၈:၃၅ ဟိုတုန်းက...ရေဒီယိုဇာတ်လမ်းများ 'ဒဂေ'
၀၉:၂၀ ကာတွန်းအစီအစဉ် 'ရိုကုံးစွန့်တားခန်း' (အပိုင်း-၉)
၀၉:၃၅ စတီရီယိုတေးများ
၀၉:၅၅ မြန်မာ့ရုပ်ရှင်(ဆေးရောင်စုံ) "လေညာကဝေဒါဇ"

### MRTV NRC

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရဲယိုသီး

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
လှမ်းခဲ့ပါလေဒေါင်းမြူမြေ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ရိုးရာအိမ်ချက်ဟင်းတစ်ခွက်

**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
သင်မယ်၊ ရေးမယ်တို့ 'ချင်း' စာ(အပိုင်း-၄၂)

**ချင်း (ချို) (၁၀:၀၀ မှ ၁၁:၀၀)**
နှိုင်းယှဉ်ဆုံးမစကား(စကားပုံများ)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မုဒုံမြို့သို့အလည်တစ်ခေါက်ဘင်လှိုင်ဘုရား

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
မွေးခံထိုက်သူ(ပညာပေးဇာတ်လမ်းတို)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ကျိုင်းတုံမြို့

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
တန့်ယန်းမြို့အလှ

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီသို့

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
အပန်းဖြေစရာ ဘုရားဖြူကြောကန်သို့ အရောက်လှမ်းခဲ့ပါ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၆:၄၀ အားကစားသတင်း
၀၇:၄၅ နိုင်ငံတကာ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၄၅ Save Our Planet Program
၁၀:၄၅ အသိပညာနှင့်အမှန်တရား (အပြောအဆိုကိုထိန်းပါ)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မမှန်သတင်းပေးခြင်း'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့နိုင်ငံများ အကြောင်း'
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဘွစ်ဇာလန်နိုင်ငံ'

### MRTV FARMERS' HD

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၀ တောင်သူအများပြုံးရွှင်ဖို့ ချည်မျှင်ရှည်ဝါ စိုက်ကြပါစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ How to Make Potato Compost Using the Berkeley Method.
၁၈:၄၅ Karl and Tina-Embracing Village Life in Japan
၂၀:၀၀ ငှက်မင်းသမီးနှင့်တောသားကိုကို(ဇာတ်လမ်း)
၂၂:၀၀ A Year-End Medley (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၃၅ The Sports Editor's Top Picks of this Week
၁၇:၀၀ အားကစားသတင်း
၁၉:၀၀ AYA Bank Women's Futsal League 2025 (AYA 3rd) (Yangon City Vs Pacific Sun Far)

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အွန်လိုင်းမှတစ်ဆင့် တရားမဝင်ထီနှင့်ကုန်ပစ္စည်းများ ရောင်းဝယ်၍ အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ပေးလျက်ရှိသော DCS(သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသူများအား ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသားများအနေဖြင့် အကြမ်းဖက်အားပေး ပြည်ပြေးများနှင့်ပူးပေါင်းကာ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်ခြင်း၊ တရားမဝင်ထီနှင့် တရားမဝင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ပြုလုပ်၍ အကြမ်းဖက်သမားများအား ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၁၁၂ လမ်း နှင့် ၅၄ x ၅၅ လမ်းကြား ထွန်းတုံးရပ်ကွက်နေ စံထိုက်သီ အထည်ချုပ်လုပ်ငန်း လုပ်ကိုင်နေကြသူ ပညာရေးဝန်ကြီးဌာနမှ DCS (သစ္စာမဲ့ဝန်ထမ်း) သီတာဇော်(ဘ) ဦးဇော်စိုး (၃၁) နှစ်နှင့် ဖြိုးမင်းစိုး (ဘ)ဦးဇော်စိုး (၃၅) နှစ်တို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ် (၅/၅၈) ဂရုဏာ(၅)လမ်း ကြူးစမ်းရွာသစ် ပြန်လည်နေရာချထားရေး ရပ်ကွက်နေ သန်းဇော်မိုး (ဘ) ဦးစိန်ရွှေ (၄၂) နှစ်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများအား စိစစ်ဖော်ထုတ်ချက်များအရ ၎င်းတို့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ဆူပူအုံကြွမှုဖြစ်ပေါ်စေရန် Social Media များမှတစ်ဆင့် Post တင်ရေးသားခဲ့ခြင်း၊ နိုင်ငံ့ဝန်ထမ်းများအား DCS လှုပ်ရှားမှုတွင်ပါဝင်ရန် လှုံ့ဆော်ခြင်း၊ မိမိကိုယ်တိုင် DCS ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံခဲ့ရပြီး ပြည်ပသို့ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် ပညာရေးဝန်ကြီးဌာနမှ DCS(သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်ထံသို့ အထတ်အထည်အမျိုးမျိုးချုပ်လုပ်၍ တရားမဝင် ပို့ဆောင်ပေးခဲ့သည့်အပြင် ခိုင်စုလွင် အွန်လိုင်းမှ တရားမဝင် ရောင်းချလျက်ရှိသည့် ထိုင်းထီများဝယ်ယူခဲ့ကြောင်း၊ ပြည်ပတွင်နေထိုင်သော ခိုင်စုလွင်က အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ငွေကြေးထောက်ပံ့နိုင်ရန် ၎င်းတို့၏ Mobile Payments များအား အခကြေးငွေရယူ၍ အသုံးပြုခွင့်ပေးခဲ့ကြောင်း၊ ရောင်းချရသည့်ငွေများအား ၎င်းတို့အမည်ဖြင့် ဖွင့်လှစ်ထားသော Mobile Payments များမှတစ်ဆင့် ငွေကြေးများ လွှဲပြောင်းပေးအပ်နိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရသည်။




ပြည်ပြေး DCS (သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်နှင့် ဆက်စပ်သည့် ဖမ်းဆီးရမိသူများ၏ စစ်ကြောမေးမြန်းချက်မှ ရရှိသည့် ပတ်သက်ဆက်စပ်မှုအခြေအနေ

DCS(သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်သည် Khaing Su Lwin Facebook Accountနှင့် khaingsu38cdm TikTok Account တို့အား ၂၀၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာဝတ်စုံများ၊ ရှမ်းဝတ်စုံများနှင့် ညဝတ်အင်္ကျီများကို အွန်လိုင်းစနစ်ဖြင့် လိုင်စင်မရှိဘဲရောင်းချခြင်းလုပ်ငန်းအား DCS (သစ္စာမဲ့ဝန်ထမ်း) သီတာဇော်ထံမှ ချိတ်ဆက်ဝယ်ယူလုပ်ကိုင်ခဲ့ခြင်းနှင့် တရားမဝင် ထိုင်းထီ ရောင်းချခြင်းတို့မှ ရရှိလာသောငွေကြေးများအား ကိုယ်ကျိုးအတွက် သုံးစွဲခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများသို့ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသူဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအား ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် လိုအပ်သည့်အမိန့်များ ထုတ်ပြန်ပေးလျက်ရှိရာ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကိုလည်း အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် အမိန့်ထုတ်ပြန်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို ညွှန်ကြားချက်နှင့်အညီ ရောင်းချခွင့်မှတ်ပုံတင်လက်မှတ်မရှိဘဲ ပြည်တွင်း/ပြည်ပမှ တရားမဝင်ရောင်းချခြင်းကြောင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာများ ဆုံးရှုံးစေလျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများဖြစ်သော DCS ဝန်ထမ်း သီတာဇော်၊ ဖြိုးမင်းစိုးနှင့် ငွေကြေးလွှဲပြောင်းရာတွင် ပါဝင်ကူညီခဲ့သည့် သန်းဇော်မိုး တို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ NUG၊ PDF အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့မှုပြုလုပ်နိုင်ရန် လူမှုကွန်ရက်များပေါ်၌ တရားမဝင်ဈေးရောင်းချခြင်းနှင့် ချိတ်ဆက်ခြင်း၊ ရောင်းချသည့်ပစ္စည်းများအား ဝယ်ယူခြင်း၊ တစ်ဆင့်ခံပြန်လည်ရောင်းချခြင်း၊ ငွေကြေးလွှဲပြောင်းမှုများ ပြုလုပ်နိုင်ရန် အကူအညီပေးခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်နေသူများကိုလည်း အကြမ်းဖက်ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း NUG၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အချို့သောအကြမ်းဖက်အားပေးအဖွဲ့များနှင့် ပြည်ပြေးများအနေဖြင့် ဥပဒေမဲ့ စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေရှာဖွေ၍ အကြမ်းဖက်အဖွဲ့များ သက်ဆိုးရှည်စေရေးအတွက် ထောက်ပံ့ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ၎င်းတို့နှင့်ချိတ်ဆက်ခြင်း၊ ကုန်ပစ္စည်းများ ဝယ်ယူခြင်း၊ တစ်ဆင့်ခံပြန်လည် ရောင်းချခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် အားပေးကူညီနေသူများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူခံရနိုင်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးကူညီရန်ရည်ရွယ်၍ တရားမဝင်အွန်လိုင်းစနစ်ဖြင့် ရောင်းချနေသူများနှင့် ဝယ်ယူသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့မှုပြုလုပ်နိုင်ရန်အတွက် လူမှုကွန်ရက်အား အသုံးပြု၍ တရားမဝင် ဈေးရောင်းချလျက်ရှိသည့် လူမှုကွန်ရက်အကောင့်များနှင့် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်နေသူများအား ဆက်လက်ဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားနှစ်ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒစ်ဂျစ်တယ်လုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် နယ်မြေတွင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒစ်ဂျစ်တယ်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား တစ်ဦးနှင့် အိန္ဒိယနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသားနှစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်း ကောက်ယူခြင်းလုပ်ငန်းနေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၈၇ ဦး စစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်စေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများနှင့် ဒစ်ဂျစ်တယ်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်း ပေးအပ်နိုင်ရေး သက်ဆိုင်ရာ နိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

✱ **အာရှဖလားမှ**

အာရှဖလားဖူဆယ်ခြေစစ်ပွဲတွင် မြန်မာအသင်းသည် အုပ်စု (H) ၌ အာဖဂန်နစ္စတန်၊ မော်လ်ဒိုက်အသင်းတို့နှင့် ကျရောက်နေပြီး စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲ အုပ်စု (H) ပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၀ ရက်တွင် အာဖဂန်နစ္စတန်နှင့် မော်လ်ဒိုက်၊ စက်တင်ဘာ ၂၂ ရက်တွင် မြန်မာနှင့် မော်လ်ဒိုက်၊ စက်တင်ဘာ ၂၄ ရက်တွင် မြန်မာနှင့်အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

## မြဝတီမြို့ ပူလွဲပူကျေးရွာ(ရွှေကုက္ကိုလ်)တွင် အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ ဟောပြောပွဲ၊ စမ်းသပ်မဲပေးခြင်းနှင့် အသုံးပြုနည်းဆင့်ပွားသင်တန်းဖွင့်

မြဝတီ စက်တင်ဘာ ၁၅

ကရင်ပြည်နယ် မြဝတီခရိုင် / မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVE)ဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ စမ်းသပ်မဲပေးခြင်းနှင့် မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက်တွင် မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု (ရွှေကုက္ကိုလ်) အခြေခံပညာ အထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။



ဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက မြဝတီမြို့နယ်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ အများပြည်သူသိသင့်သိထိုက်သည့် အချက်များ၊ မဲစာရင်းတွင် ပါဝင်သူ အမျိုးသား အမျိုးသမီးများက မဲပေးပိုင်ခွင့်ရှိသူများ၊ အသက် ၁၈ နှစ် ပြည့်ပြီးသော်လည်း မဲပေးပိုင်ခွင့်မရှိသူများနှင့်ပတ်သက်သည့် အချက်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုပုံအဆင့်ဆင့်နှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သိသင့်သိထိုက်သော အချက်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် အီလက်ထရောနစ်မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီခွဲအထိ အဆိုပါခန်းမဆောင်၌ ဆက်လက်ကျင်းပခဲ့ရာ အခြေခံပညာဦးစီးဌာန ပူလွဲပူကျေးရွာ(ရွှေကုက္ကိုလ်)အတွင်းရှိ ဆရာ ဆရာမ ၄၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တောင်ဥက္ကလာပမြို့နယ်၌ မြို့ပြရှာဖွေကယ်ဆယ်ရေးဖွဲ့စည်းနိုင်ရန် ပြင်ဆင်လေ့ကျင့်မှုသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက မြို့ပြရှာဖွေကယ်ဆယ်ရေး(Light Urban Search And Rescue Team) ဖွဲ့စည်းနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက မီးဘေးလုံခြုံရေးလုပ်ငန်းများဖြစ်သည့် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရုံသာမက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုပါ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ခေတ်ကာလနှင့်လျော်ညီသည့် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များကို စနစ်တကျလေ့လာသင်ယူသွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ရက်သတ္တလေးပတ်တိုင်တိုင် သင်တန်းသား ၂၀ တို့ဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သက်မင်းဟန်(ပြန်/ဆက်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၂၅ | ၃၀၃၅ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၇၅ | ၂၉၉၅ | ၄၅၀၅ | ၃၂၉၀ | ၃၀၁၀ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၂၅ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၅ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၇၅ |
| HSD (50 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၆ | ၂၈၄၅ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၄၁၈ | ၂၄၉၆ |
| HSD (50 ppm) | ၂၉၉၈ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၈ | ၃၀၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## ကော့သောင်းမြို့၌ UID ထုတ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေး

ကော့သောင်း စက်တင်ဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊UID(Smart Card)များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ကော့သောင်းမြို့နယ် အမှတ် (၅၈) ရေတပ်အခြေစိုက်စခန်း(ဇာဒက်ကြီးကျွန်း)နှင့် ဇာဒက်ကြီးကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးဦးချမ်းမြေ့ဇေဦးနှင့်အဖွဲ့တို့က ဇာဒက်ကြီးကျေးရွာနေပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် လိုအပ်သည့်အချက်အလက်များကိုစိစစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေးခြင်းနှင့် UID (Smart Card)များဆောင်ရွက်ပေးခြင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်းများ (one stop)ဆောင်ရွက်ပေးခြင်းများ သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စက်တင်ဘာ ၁၄ ရက်က သတင်းရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ခင်မောင်လှဦးဆောင်၍ အရာရှိများနှင့်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ စည်သူ(ပြန်/ဆက်)

## မိုင်းယောင်းမြို့၌ ဒေသထွက်ထောပတ်သီးများ ဈေးကောင်းရရှိ

မိုင်းယောင်း စက်တင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့၌ ယခုအခါ ဒေသထွက်ထောပတ်သီးများ လှိုင်လှိုင်ထွက်ရှိချိန် ဈေးကောင်းရရှိနေ၍ ထောပတ်သီးစိုက်ပျိုးရောင်းချသည့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ်ရှိ ဒေသခံများသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြပြီး ဒေသနှင့်ကိုက်ညီသောထောပတ်သီးပင်များကို မိမိတို့နေအိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများရှိသကဲ့သို့ ယာမြေများတွင် စီးပွားဖြစ်စိုက်ပျိုးသူများလည်းရှိသည်။

ထိုသို့ စိုက်ပျိုးကြရာတွင် မိုင်းယောင်းမြို့နယ်မှ ထွက်ရှိသောထောပတ်သီးသည် သဘာဝအတိုင်း လတ်လတ်ဆတ်ဆတ် အနံ့အရသာ ထူးခြားကောင်းမွန်သည့်အတွက် စားသုံးသူများ အကြိုက်တွေ့ကာ အလုံးအရွယ်အစားပေါ်မူတည်၍ ရောင်းရကြောင်း သိရသည်။

နန်းစီဖောင်း(ပြန်/ဆက်)

# လူသားတို့နှင့် စိတ်ကျန်းမာရေး

**မောင်သောင်းဝင်း**
**(တမန်ဟောင်း)**

**“အာရောဂျံ ပရမံ လာဘံ”** ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုသည့်အတိုင်း ကျန်းမာရေးသည် လူသားတိုင်းအတွက် များစွာအရေးပါလျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က ကျန်းမာခြင်း (Health) ဆိုသည်မှာ ရောဂါဝေဒနာကင်းရှင်း၍ ကိုယ်အင်္ဂါချို့ယွင်းမှုမရှိရုံမျှမက ကိုယ်ကျန်းမာရေးနှင့် ပြည့်စုံခြင်း၊ စိတ်ချမ်းသာမှုရှိခြင်း၊ ပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံမှု၊ အဆင်ပြေကောင်းမွန်ခြင်းတို့ ဖြစ်သည်ဟု သတ်မှတ်ထားသည်။

ကျွန်တော်တို့အားလုံးသည် ကာယသုခ၊ စိတ္တသုခ၊ မိတ္တသုခတို့ဖြင့် ပြည့်စုံနေမှသာလျှင် ကျန်းမာခြင်းအဓိပ္ပာယ်ပြည့်စုံနိုင်မည်ဖြစ်သည်။ အထူးသဖြင့် လူတစ်ဦးသည် စိတ်နှင့် ကိုယ် ကျန်းမာနေမှသာလျှင် စိတ်ချမ်းမြေ့မှုကိုရရှိမည်ဖြစ်သည်။ စိတ်ကျန်းမာရေးသည် လူတစ်ဦးချင်းစီ၏ တွေးခေါ်ပုံ၊ ပြုမူပုံနှင့် မတူညီသော ဘဝလိုအပ်ချက်များနှင့် အပြောင်းအလဲများကို ထိန်းညှိပေးသည့် အလုံးစုံသော ကျန်းမာရေးပင်ဖြစ်သည်။

**စိတ်ကျန်းမာရေးနှင့်ဆက်စပ်နေ**

ကျွန်ုပ်တို့စိတ်၏လှုပ်ရှားမှုနှင့် ခန္ဓာကိုယ်၏ တုံ့ပြန်မှုတို့သည် ဆက်စပ်လျက်ရှိသည်။ စိတ်ပျိုကိုယ်နုဆိုသော စကားနှင့်အညီ ကျန်းမာခြင်း၊ ခွန်အားသန်စွမ်းခြင်း၊ နုပျိုလန်းဆန်းခြင်းတို့သည် စိတ်၏ လန်းဆန်းပျော်ရွှင်မှု၊ အပူအပင်သောကကင်းမှု၊ စိတ်တည်ငြိမ်မှုတို့အပေါ်တွင် မူတည်နေသည်။ စိတ်လှုပ်ရှားမှုဖြစ်စဉ်များကြောင့် ကိုယ်ခန္ဓာ၏လုပ်ငန်းဆောင်တာအဝဝတွင် ချို့ယွင်းလာမှုများရှိလာကြောင်းကို ဆေးပညာရှင်များ သိရှိလက်ခံထားကြသည်။ စိတ်ညစ်ညူးခြင်း၊ စိုးရိမ်ပူပင်သောက လွန်ကဲခြင်း၊ စိတ်လှုပ်ရှားမှုပြင်းထန်ခြင်း၊ ကြောက်လန့်ခြင်း၊ ဒေါသထွက်ခြင်း၊ စိတ်ဓာတ်ကျခြင်းတို့ကြောင့် ခန္ဓာကိုယ်၏ပုံမှန်လုပ်ငန်းဆောင်တာများချို့ယွင်းပြီး ဝေဒနာအစုံစုံ၊ ရောဂါအဖုံဖုံတို့ ဖြစ်လာစေနိုင်သည်။

ထို့ပြင် ဇက်ကြောထိုး၊ နောက်ကြောတက်၊ ခေါင်းအုံခေါင်းကိုက်ခြင်းတို့၏ ၈၅ ရာခိုင်နှုန်းသည် ခန္ဓာကိုယ်ရောဂါကြောင့်မဟုတ်ဘဲ စိတ်ကြောင့်ဖြစ်ရခြင်းဖြစ်သည်။ စိတ်လှုပ်ရှားမှုပူပင်သောကရောက်မှုလွန်ကဲလျှင် စိတ်ကြောင့် ဦးနှောက်အတွင်း၊ အပြင် သွေးကြောများဖောင်းပွလာပြီး ခေါင်းကိုက်ခြင်း ခံစားရလေ့ရှိသည်။ စိတ်ကြောင့် အစာအိမ်ဖောင်းပွကာ ရင်ပြည့်ရင်ကယ်ဖြစ်ပြီး လေပွမအီမသာဖြစ်ခြင်း၊ လေထိုးလေအောင့်၊ အစာအိမ်ရောဂါတို့ ဖြစ်စေနိုင်သည်။ စိတ်ပူပင်သောကထိတ်လန့်စိုးရွံ့မှုများလွန်းလျှင် စိတ်ပူပင်လွန်ဥပါဒါန်ရောဂါဟုခေါ်သည့် စိတ်ရောဂါတစ်မျိုးကို ရစေနိုင်ပါသည်။ ထို့ပြင် အရေပြားရောဂါ၏ ၃၀ ရာခိုင်နှုန်းခန့်သည် စိတ်ကြောင့်ဖြစ်ကြောင်း သုတေသနပြုချက်များအရ သိရသည်။

**စိတ်ရောဂါဆိုသည်မှာ**

ကျွန်တော်တို့ လူသားများ၏ စိတ်ကျန်းမာရေးတွင် ခံစားမှုပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံမှုပိုင်းဆိုင်ရာစသည့်အချက်များ ပါဝင်သည်။ ကိုယ်ကျန်းမာနေရန် လိုအပ်သလို စိတ်ကျန်းမာနေရန်လည်း များစွာအရေးကြီးလှပေသည်။ စိတ်ရောဂါဟူသည် ဦးနှောက်တွင် ဓာတုသက်ရောက်မှု မမှန်ကန်ခြင်းကြောင့် စိတ်မူမမှန်ဖြစ်ရခြင်းဖြစ်ပါသည်။ အဖြစ်များသော စိတ်ရောဂါများမှာ စိတ်ဓာတ်ကျခြင်း၊ စိတ်ကျစိတ်ကြွဖြစ်ခြင်း၊ စိတ်ဒဏ်ရာရခြင်း၊ စိတ်စွဲကြီးခြင်းတို့ဖြစ်သည်။ စိတ်ရောဂါသည် စိတ်ဖိစီးမှုများကို ကိုင်တွယ်ဖြေရှင်းပုံနှင့် ရွေးချယ်မှုများအပေါ်မူတည်ပြီး အမျိုးမျိုးပြောင်းလဲနိုင်သည်။ အဆိုးဆုံးမှာ မိမိကိုယ်ကို အန္တရာယ်ပြုခြင်းနှင့် ရန့်ရင်းကြမ်းတမ်းသောအတွေးများ ဝင်လာနိုင်ခြင်းတို့ ဖြစ်ပါသည်။

**စိတ်ရောဂါဖြစ်စေသော**
**အကြောင်းတရားများ**

စိတ်ရောဂါဖြစ်စေသော အကြောင်းများစွာအနက် အဖြစ်များသောအကြောင်းများမှာ ကာလကြာရှည်စွာ စိတ်ဖိစီးစရာများရှိခြင်း၊ တိုက်ပွဲများ၊ ပြင်းထန်သောမတော်တဆမှုများ၊ အကြမ်းဖက်မှုများကြောင့် ဒဏ်ရာများရခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုများနှင့် အရွယ်ရောက်ပြီးသူများ အကြမ်းဖက်ခံရခြင်း၊ ကလေးသူငယ်အကြမ်းဖက်မှု၊ ထိခိုက်စေမှုများနှင့် လျစ်လျူရှုမှုများ၊ မျိုးရိုးလိုက်ခြင်း၊ ဦးနှောက်ထဲတွင် မူမမှန်ဖြစ်ခြင်း၊ ခေါင်းထိခိုက်မိခြင်း၊ သီးခြားနေခြင်း၊အထီးကျန်ခြင်း၊ အလုပ်အကိုင်မရှိခြင်း၊ အလုပ်ပြုတ်သွားခြင်း၊ ခွဲခြားဆက်ဆံမှုများခံရခြင်း၊ အိမ်ခြေရာခြေမရှိခြင်း၊ အနေဆင်းရဲခြင်း၊ မိသားစုဝင်များ၊ မိတ်ဆွေများကို ထောက်ပံ့နေရခြင်း၊ ဦးနှောက်တွင် မွေးရာပါချို့ယွင်းချက်များ ရှိနေခြင်း၊ မိသားစုဝင်များထဲတွင် စိတ်ရောဂါရှိခြင်း၊ နာတာရှည်ရောဂါများ ခံစားနေရခြင်း၊ ကလေးဘဝနှင့် လူနေမှုပုံစံများ မူမမှန်ခြင်း၊ ကျောင်းနှင့် အလုပ်ခွင်တို့တွင် အဆင်မပြေသူများ၊ အရက်သေစာ အလွန်အကျွံသောက်စားသူများ၊ ယခင်က စိတ်ရောဂါခံစားနေရသူများ ဖြစ်ပါသည်။

**စိတ်ရောဂါလက္ခဏာများ**

စိတ်ကျန်းမာရေးအဖြစ်များသော ရောဂါလက္ခဏာများမှာ ဝမ်းနည်းခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ထုံပေခြင်း၊ မည်သည့်အရာကိုမျှ အလေးမထားတော့ခြင်း၊ မောပန်းနေခြင်း၊ အားအင်မရှိခြင်း၊ အိပ်လွန်းခြင်း၊ အိပ်စက်ရန်ခဲယဉ်းခြင်း၊ ဒေါသထွက်လွယ်ခြင်း၊ စိတ်ဓာတ်ကြမ်းတမ်းလာခြင်း၊ ခိုကိုးရာမဲ့ဖြစ်ခြင်း၊ မျှော်လင့်ချက်မဲ့ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ မေ့လွယ်ခြင်း၊ အစွန်းရောက်ခြင်း၊ စိုးရိမ်စိတ်များခြင်း၊ ကြောက်ရွံ့ခြင်း၊ အချို့သောအကြောင်းရာများကို ခေါင်းထဲမှ ထုတ်မရခြင်း၊ ထင်ယောင်ထင်မှားဖြစ်ကာအသံများကြားခြင်း၊ ရုပ်များမြင်နေခြင်း၊ အာရုံမစူးစိုက်နိုင်ခြင်း၊ အာရုံများရှုပ်ထွေးခြင်း၊ မိမိကိုယ်ကိုအပြစ်တင်ခြင်း၊ စိတ်အတက်အကျမြန်ခြင်း၊ အပေါင်းအသင်းများ၊ အဖွဲ့အစည်းများမှ သွေဖည်လာခြင်း၊ နေ့စဉ်ကြုံတွေ့နေရသည့်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိခြင်း၊ မိမိကြုံတွေ့နေရသော အခြေအနေများနှင့် လူများကို နားလည်မှုမရှိခြင်းတို့ပင် ဖြစ်ပါသည်။

**နောက်ဆက်တွဲဆိုးကျိုးများ**

စိတ်ရောဂါခံစားနေရသူတစ်ဦးသည် နောက်ဆက်တွဲဆိုးကျိုးများကို ခံစားရလေ့ရှိသည်။ စိတ်ရောဂါရှိသူသည် မိမိကိုယ်ကို ထိခိုက်အောင်လုပ်ခြင်း၊ သေကြောင်းကြံစည်ခြင်းတို့ ဖြစ်လာခြင်း၊ ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးများသုံးစွဲခြင်းတို့ ဖြစ်လာနိုင်ပြီး မပျော်ရွှင်တော့ခြင်း၊ မိမိဘဝကို မနှစ်မြို့ခြင်း၊ မိသားစုပြဿနာများဖြစ်ခြင်း၊ အိမ်ထောင်ရေးအဆင်မပြေခြင်း၊ လူမှုပတ်ဝန်းကျင်မှ သီးခြားနေခြင်း၊ အလုပ်ပျက်ခြင်း၊ ကျောင်းပျက်ခြင်း၊ အလုပ်ခွင်၊ ကျောင်းတို့တွင် အဆင်မပြေဖြစ်ခြင်း၊ ငွေရေးကြေးရေးပြဿနာများ၊ တရားရေးရာပြဿနာများဖြစ်ခြင်း၊ မိမိကိုယ်ကိုနှင့် သူများကို သေကြောင်းကြံစည်ခြင်း၊ ကိုယ်ခံအားနည်းပြီး ရောဂါများကူးစက်ခံရခြင်း၊ နှလုံးရောဂါနှင့် အခြားသော ကျန်းမာရေးပြဿနာများ ဖြစ်ခြင်းတို့ ဖြစ်သည်။

စိတ်ရောဂါဝေဒနာရှင်တစ်ဦးသည် မိမိတွင် စိတ်ရောဂါစွဲကပ်နေသည်ဟု များသောအားဖြင့် မသိချေ။ စိတ်ဝေဒနာခံစားရသူများသည် သတိ၊ မှတ်ဉာဏ်၊ အာရုံစူးစိုက်မှု၊ စဉ်းစားဉာဏ်၊ ကိုယ်ရည်ကိုယ်သွေးတို့ လျော့နည်းလာလေ့ရှိသည်။ ကိုယ်နှုတ်အမူအရာအနေအထိုင် အမျိုးမျိုး ပြောင်းလဲနေတတ်သည်။ အချို့သည် ဂနာမငြိမ် အမြဲလှုပ်ရှားနေတတ်၍ အချို့မှာစကားလုံးဝမပြောဘဲ မလှုပ်မရှားနေတတ်သည်။ အချို့သည် အမှန်တကယ်မဟုတ်ဘဲ တစ်စုံတစ်ခုက မိမိကို အမြဲတမ်းလွှမ်းမိုးချုပ်ကိုင်နေသည်ဟုထင်မြင်နေကြသည်။ အယူအဆ အတွေးအခေါ်များလည်း မှားယွင်းနေးကွေးလာပြီး စကားပြောဆိုရာတွင် မူမမှန်ခြင်း၊ အလုပ်တစ်ခုခုကို ထပ်ကာတလဲလဲ ပြုလုပ်တတ်ခြင်းတို့ဖြစ်ပါသည်။ မရှိသည့်အရာကို အရှိထင်၊ မဟုတ်သည်ကို အဟုတ်ထင်၍ သူတစ်ပါးက ရှင်းလင်းပြသ၍လည်း နားမဝင်တတ်တော့ပါ။

**ကုသမှုခံယူသင့်**

စိတ်ရောဂါများဖြစ်သည်ဟု သံသယရှိပါက ဆောလျင်စွာ မှန်ကန်ထိရောက်သော ဆေးကုသမှု ခံယူထားရန်လိုအပ်ပါသည်။ အိပ်ဆေးမသုံးသင့်ပါ။ စိတ်နှလုံးအေးချမ်းပြီး ပူပင်သောကကင်းသောသူများ၊ စိတ်ဓာတ်ရင့်ကျက်ခိုင်မာသူများတွင် စိတ်ရောဂါဖြစ်လေ့မရှိပါ။ အရာရာတွင် စိုးရိမ်စိတ်လွန်ကဲသူ၊ အစွဲအလမ်းကြီးသူ၊ ဒေါသထွက်လွန်းသူ၊ စိတ်အပြောင်းအလဲကြီးသူ၊ စိတ်ဓာတ်မရင့်ကျက်သူများ စိတ်ရောဂါဝေဒနာများဖြစ်လေ့ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ ကမ္ဘာပေါ်ရှိလူဦးရေသန်းပေါင်း ၄၅၀ ခန့်သည် စိတ်မူမမှန်မှုများကို ခံစားနေကြရပြီး စိတ်မူမမှန်မှုဖြစ်စဉ်များ ခံစားနေရသူများ၏ သုံးပုံနှစ်ပုံသည် ဆေးကုသမှုမခံယူဘဲနေကြပါသည်။ ထို့ကြောင့် စိတ်ဝေဒနာတစ်ခုခု ဖြစ်ပေါ်ခံစားနေရသည်ဟု သံသယဖြစ်လျှင် မိသားစုဆရာဝန်နှင့် ပြသသင့်ပါသည်။ လိုအပ်ပါက စိတ်ရောဂါကုဆရာဝန်များနှင့် ကုသပေးသင့်ပါသည်။

စိတ်ပိုင်းဆိုင်ရာ ရောဂါများကို ထိရောက်စွာကုသမှုခံယူရန် လိုအပ်ပါသည်။ စိတ်ပိုင်းဆိုင်ရာ ရောဂါများအတွက် ထိရောက်သောကုသမှုများရှိပါသည်။ ရောဂါအမျိုးအစား၊ အခြေအနေ၊ အတူဖြစ်ပေါ်နေသော ရုပ်ပိုင်းဆိုင်ရာရောဂါနှင့် အခြားအခြေအနေများ ရှိ၊ မရှိစသည်တို့အပေါ်မူတည်ပြီး ဆေးဝါးများဖြင့် ကုသမှု၊ စိတ်ပိုင်းဆိုင်ရာကုထုံး၊ အခြားကုသမှုများ၊ ရုပ်ပိုင်းဆိုင်ရာ ရောဂါအခြေအနေအကြောင်းရင်းများကို ကုသမှုစသည်တို့ကို လိုအပ်သလိုပေါင်းစပ်ပြီး ကဏ္ဍစုံဖြင့် ချဉ်းကပ်ကုသသည့်နည်းလမ်းဖြင့် ကုသမှုခံယူနိုင်ပါသည်။ အချို့သော စိတ်ပိုင်းဆိုင်ရာ ရောဂါများသည် ကာလကြာရှည် ကုသမှုခံယူရန်လိုအပ်ပါသည်။

**ကာကွယ်တားဆီးခြင်း**

လူမှုအသိုက်အဝန်းအတွင်း စိတ်ကျန်းမာရေးအခြေအနေ ကောင်းမွန်တိုးတက်အောင် လုပ်ဆောင်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာရောဂါများကို ကာကွယ်တားဆီးခြင်းသည် ကဏ္ဍအသီးသီးပါဝင်သည့် ကျယ်ပြန့်သောကိစ္စတစ်ခုဖြစ်သည်။ အဆိုပါလုပ်ဆောင်မှုများတွင် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာရောဂါများနှင့်စပ်လျဉ်းပြီး လူထုအတွင်း သတိပြုစိတ်ဝင်စားမှု မြှင့်တင်ပေးရန်လုပ်ဆောင်ခြင်း၊ ကိုယ်ဝန်ဆောင်ကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုခံယူခြင်း၊ ကလေးဘဝအတွင်း ဆိုးရွားသောဖြစ်စဉ်များ ကြုံတွေ့ရမှုများကို ကာကွယ်နိုင်ရန်လုပ်ဆောင်ခြင်း၊ ကျောင်းကျန်းမာရေးကဏ္ဍ၊ လုပ်ငန်းခွင်ကျန်းမာရေးကဏ္ဍ စသည်တို့ကို မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ စိတ်ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီနိုင်စေရန် ဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါသည်။

လူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် မိမိ၏စိတ်ကျန်းမာရေးအခြေအနေကောင်းမွန်တိုးတက်အောင် လုပ်ဆောင်ရာတွင် စိတ်ဖိစီးမှုများလျှော့ချခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ခြင်း၊ အရက်၊ မူးယစ်ဆေးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော အခြားဆေးများ သုံးစွဲမှုကို ရှောင်ကြဉ်ခြင်းတို့ လုပ်ဆောင်ရပါမည်။ ထို့ပြင် စိတ်ပိုင်းဆိုင်ရာရောဂါလက္ခဏာများအစပျိုးလာခြင်းကို ဆောလျင်စွာသတိပြုမိပြီး ထိရောက်စွာကုသမှုရယူခြင်းသည် စိတ်ပိုင်းဆိုင်ရာရောဂါ ခံစားရခြင်းနှင့် အကျိုးဆက်များကို ကာကွယ်တားဆီးရေးအတွက် အဓိကကျသည့်အချက် ဖြစ်ပါသည်။

သက်ရှိလူသားများအနေဖြင့် မိမိမျှော်မှန်းချက်အတိုင်း ဖြစ်မြောက်အောင်မြင်လာစေရန် ကြိုးစားရာတွင် နည်းမှန်လမ်းမှန်နှင့် အကောင်းဆုံးချဉ်းကပ်လုပ်ကိုင်သင့်ပါသည်။အကောင်းဆုံးကို မျှော်လင့်ထားသလို အဆိုးဆုံးကိုလည်း ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားသင့်ပါသည်။ ဘာသာတရားတစ်ခုခု လက်ကိုင်ပြုထားသင့်ပါသည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် တရားရှုမှတ်ခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားနာထောင်ခြင်း၊ ပရိတ်/ပဋ္ဌာန်းများရွတ်ဖတ်ပူဇော်ခြင်းတို့ လုပ်ဆောင်သင့်ပါသည်။

**အလေးထားဆောင်ရွက်လျက်ရှိ**

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ လူဦးရေနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း များစွာအရေးပါလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးနှင့် သက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၁၈ သို့ ❒

> **“လူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် မိမိ၏စိတ်ကျန်းမာရေးအခြေအနေ ကောင်းမွန်တိုးတက်အောင် လုပ်ဆောင်ရာတွင် စိတ်ဖိစီးမှုများလျှော့ချခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ခြင်း၊ အရက်၊ မူးယစ်ဆေးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော အခြားဆေးများ သုံးစွဲမှုကို ရှောင်ကြဉ်ခြင်းတို့ လုပ်ဆောင်ရပါမည်။ ထို့ပြင် စိတ်ပိုင်းဆိုင်ရာရောဂါလက္ခဏာများအစပျိုးလာခြင်းကို ဆောလျင်စွာသတိပြုမိပြီး ထိရောက်စွာကုသမှုရယူခြင်းသည် စိတ်ပိုင်းဆိုင်ရာ ရောဂါခံစားရခြင်းနှင့် အကျိုးဆက်များကို ကာကွယ်တားဆီးရေးအတွက် အဓိကကျ”**



## တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ

တောင်ငူ စက်တင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌက ကြီးမှူး၍ ၂၀၂၅ ခုနှစ် တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲကို ခရိုင်အားကစားကွင်းအတွင်း၌ စက်တင်ဘာ ၁၁ ရက်မှစတင်၍ အုပ်စုပွဲစဉ်များ၊ အကြိုဗိုလ်လုပွဲစဉ်များယှဉ်ပြိုင်ခဲ့ပြီး ယမန်နေ့တွင် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားသည်။

ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားရာတွင် တောင်ငူမြို့နယ်အသင်းက ထန်းတပင်မြို့နယ်အသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုရရှိသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးသမားအကောင်းဆုံးဆု၊ ဒုတိယဆုရရှိသော ထန်းတပင်မြို့နယ်အသင်းနှင့် ပထမဆုရရှိသော တောင်ငူမြို့နယ်အသင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဟန်မင်းဦးက တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလားကို ပထမဆုရရှိသော တောင်ငူမြို့နယ်အသင်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## ပေါင်းတည်မြို့နယ်၌ ကင်ဆာရောဂါအသိပညာမြှင့်တင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်

ပေါင်းတည် စက်တင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ပြည်သူလူထုအတွင်း ကင်ဆာရောဂါ အသိပညာမြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်မှုလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ လမ်းညွှန်ချက်အရ ပေါင်းတည်မြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သန်းသန်းချစ် ဦးဆောင်၍ ပြည်သူလူထုအတွင်း ကင်ဆာရောဂါ အသိပညာ



မြှင့်တင်ရေး လှုပ်ရှားမှုများကို စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ကြရာတွင် နီးနွယ်ဌာနများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် ပူးပေါင်း၍ ပြည်သူ့ကျန်းမာရေးဌာန/ဌာနခွဲအခြေပြု၊ ပြည်သူလူထုအခြေပြု၊ ကျောင်းအခြေပြုနှင့် ဆေးရုံအခြေပြုကဏ္ဍများ ခွဲခြား၍ ခံတွင်းကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာနှင့် ရင်သားကင်ဆာ ရောဂါ အသိပညာမြှင့်တင်ရေး ပညာပေးဆွေးနွေးပွဲများ၊ ပြခန်းများဖြင့် အသိပညာပေးခြင်း၊ သရုပ်ပြစမ်းသပ်ပြသခြင်း၊ ပိုစတာများ ချိတ်ဆွဲပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

## မိုးကောင်းမြို့နယ်၌ စားသုံးဆီဖူလုံမှုရှိစေရေး ဆီစက်လုပ်ငန်းရှင်များ လုပ်ငန်းလည်ပတ်ထားခြင်း ရှိ/မရှိ ခရိုင်အဆင့်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

မိုးညှင်း စက်တင်ဘာ ၁၅

ကချင်ပြည်နယ် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုးကောင်းမြို့နယ်တွင် စားသုံးဆီဖူလုံမှုရှိစေရေးအတွက် ဖွံ့ဖြိုးရေးချေးငွေဖြင့်ရယူထားသည့် ဆီစက်လုပ်ငန်းရှင်များ အမှန်တကယ်လုပ်ငန်းလည်ပတ်ထားခြင်း ရှိ/မရှိ ခရိုင်အဆင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများ၊ ခရိုင်အဆင့် ဆက်စပ်ဌာနဆိုင်ရာများဖြစ်ကြသည့် စားသုံးသူရေးရာဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် မိုးကောင်းမြို့နယ် သမဝါယမဦးစီးဌာန၊ ဖွံ့ဖြိုးရေးချေးငွေထုတ်ချေးပေးထားသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ (မိုးကောင်း)ရုံးတို့မှ တာဝန်ရှိသူများနှင့်အတူ မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာနေ ဒေါ်ဖြူဖြူဝင်း၏ (ဟိန်းခနဆန်း)ဆီစက်လုပ်ငန်းအား လိုက်လံစစ်ဆေးသည်။

ထို့နောက် ဆီစက်လုပ်ငန်းရှင်အား လုပ်ငန်းများပိုမိုတိုးချဲ့



အောင်မြင်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များနှင့် အားနည်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများထံမှ လုပ်ငန်းလုပ်ထုံးလုပ်နည်းများနှင့်အတူ ပေါင်းစပ်ဆောင်ရွက်စေလိုကြောင်း အကြံပြုဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ရွှေမိုးညှင်း**




## ဒလမြို့နယ်၌ ပန်းကြယ်သီးထိုးသင်တန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ဖွင့်လှစ်သော ပန်းကြယ်သီးထိုးသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ ရက်နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်ချိုချိုက တက်ရောက်လာသော သင်တန်းသူများအား ပန်းကြယ်သီးထိုးနည်းများကို လက်တွေ့သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ်၌ ပေါ်ဆန်းဇုန်စိုက်ပျိုးနေမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

ကျိုက်လတ် စက်တင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၌ ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးနှင့် ပြည်တွင်းစားရေရိက္ခာဖူလုံစေရေးအတွက် ယနေ့နံနက်ပိုင်းက အုန်းပင်စုကျေးရွာနှင့် သမက်ပြေ ကျေးရွာအုပ်စုတို့တွင် ပေါ်ဆန်းဇုန် စိုက်ပျိုးနေမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။



**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဦးစွာ ပေါ်ဆန်းဇုန် ဧက ၁၀၀ စိုက်ပျိုးပွဲကို အုန်းပင်စုကျေးရွာရှိ ကွင်းအမှတ်(၁၄၀)B၊ တောင်သူ ၂၀ ဖြင့်လည်းကောင်း၊ သမက်ပြေကျေးရွာရှိ ကွင်းအမှတ်(၁၅၀)A၊ တောင်သူကိုးဦးဖြင့်လည်းကောင်း ပေါ်ဆန်းဇုန် ဧက ၅၀ စိုက်ပျိုးခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ (မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ) ဦးမင်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဖုန်းက သွင်းအားစုများ အချိုးကျ အချိန်ကိုက်သုံးစွဲနိုင်ရေး၊ ပိုးမွှားကင်းရှင်းစေရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေးပြောကြားပြီး တောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့်ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❒ **စာမျက်နှာ ၁၇ မှ**

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးဆုံးဖြစ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု သက်ရှည်ကျန်းမာရေးသည် အခြေခံအကျဆုံးဖြစ်ပါသည်။

ပြည်သူလူထု၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး **“လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ”**ဟူသည့်အတိုင်း နိုင်ငံတော်အစိုးရသည် ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်သူများ၏ နေ့စဉ်လူမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ပြည်သူများ၏ စိတ်ကျန်းမာရေးအလေးထားကာ လုပ်ဆောင်ပေးလျက်ရှိပါသည်။ သို့မှသာလျှင် အနာဂတ်တွင် နိုင်ငံသူ နိုင်ငံသားအားလုံးသည် စိတ်ရောဂါကိုယ်ပါ ကျန်းမာသည့်ဘဝများကို ပိုင်ဆိုင်ပြီး သက်တမ်းစေ့ နေထိုင်နိုင်တောမည် ဖြစ်ပါသည်။ ။

**ကိုးကား -**

(၁) **စိတ်ကျန်းမာရေး အလေးပေး (ဒေါက်တာလွင်သန့်)။**

(၂) **Mental Health and Mental Disorders (စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာရောဂါများ) – CLL HEALTH**

# Let's Write in English daily, young ones.
# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...



စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

## မြို့တက်လာတဲ့ ကျွန်တော်

ကျွန်တော်ဟာ ကျေးလက်တောရွာတစ်ရွာမှာ မွေးဖွားခဲ့သူတစ်ဦးဖြစ်ပါတယ်။ ကျွန်တော် အခု မြို့ကြီးတစ်မြို့မှာ အလုပ်လုပ်နေပါတယ်။ ကျွန်တော့်ရဲ့ဘဝခရီးက ရိုးရှင်းတဲ့ ကျေးလက်ကနေ ခေတ်မီတဲ့ မြို့ပြအထိ နှစ်ခုစလုံးကို ဖြတ်သန်းခဲ့ရပါတယ်ခင်ဗျာ။

မြို့ပြရဲ့ အရှိန်အဟုန်ဟာ ကျွန်တော့်ဘဝအတွက် မတူညီတဲ့အခွင့်အလမ်းတွေ ပေးခဲ့ပါတယ်။ မြို့ကြီးမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများသလို မိုးမျှော်တိုက်တွေ၊ ခေတ်မီရုပ်ရှင်ရုံတွေနဲ့ ဈေးဝယ်စင်တာကြီးတွေဟာလည်း အဆုံးမရှိတဲ့ အတွေ့အကြုံသစ်တွေကို ဖန်တီးပေးနေပါတယ်။ မြို့ပြကိုရောက်လာတော့ စိတ်လှုပ်ရှားစရာတွေ အများကြီးတွေ့ရပါတယ်။ ခေတ်မီတဲ့နည်းပညာတွေနဲ့ အဆုံးမရှိတဲ့ အတွေ့အကြုံသစ်တွေကို ရရှိခဲ့ပါတယ်။ ဒါပေမဲ့ မြို့ပြရဲ့အရှိန်အဟုန်ကို လိုက်လျောညီထွေဖြစ်အောင် နေထိုင်ဖို့လည်း စိန်ခေါ်မှုတွေရှိပါတယ်ခင်ဗျာ။

မြို့ပြရဲ့ဆူညံသံတွေကြားမှာ နေ့ရက်တွေ ကုန်ဆုံးနေပေမယ့် စိတ်ကတော့ ရွာကိုလွမ်းနေမိတုန်းပဲ။ အေးချမ်းတဲ့ ရွာခလေ့လေးတွေ၊ ရိုးသားတဲ့ လူတွေနဲ့ ငြိမ်းချမ်းတဲ့ပတ်ဝန်းကျင်ကို လွမ်းတယ်။ အထူးသဖြင့် ညနေစောင်းနေဝင်ချိန်မှာ ရွာအဝင် ဓမ္မာရုံနားကပေါ်ထွက်လာတဲ့ ကလေးတွေရဲ့ ရယ်သံသဲ့သဲ့လေးတွေနဲ့ လူကြီးတွေရဲ့ စကားသံတွေက နားထဲမှာ ပဲ့တင်ထပ်နေသလိုပါပဲ။ ဒီလို လွမ်းစရာကောင်းတဲ့ အမှတ်တရတွေက ကျွန်တော့်ကိုအမြဲတမ်း ရွာနဲ့ဆက်စပ်ပေးနေတာပါပဲ။ ကျွန်တော့်ရဲ့ ငယ်ဘဝ အမှတ်တရတွေက စိမ်းစိုနေတဲ့ လယ်ကွင်းတွေနဲ့ သဘာဝတရားထဲမှာပါ။ ရိုးသားကြတဲ့ ရွာသူရွာသားတွေနဲ့အတူ အေးချမ်းတဲ့နေ့ရက်တွေကို ပိုင်ဆိုင်ခဲ့ရပါတယ် ခင်ဗျာ။

### ကျွန်တော့်ရွာလေး

ကျွန်တော့်ရွာလေးက အခုခေတ်လို တိုးတက်တဲ့မြို့ကြီးတွေနဲ့ယှဉ်ရင် ဘာမှမဟုတ်ဘူးလို့ ထင်ရတယ်။ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ ကမ္ဘာပေါ်မှာ အလှဆုံးနေရာလေးပဲ။ ရွာရဲ့ပတ်ဝန်းကျင်မှာ စိမ်းစိုနေတဲ့လယ်ကွင်းတွေ၊ တောင်ကုန်းငယ်လေးတွေနဲ့ ကြည်လင်တဲ့ချောင်းလေးတွေရှိတယ်။ မနက်ခင်းဆို လယ်ထဲက ငှက်သံလေးတွေနဲ့ နိုးလာရတာ တကယ်ကိုစိတ်ချမ်းသာဖို့ကောင်းတယ်။

ရွာသူရွာသားတွေက အလွန်ဖော်ရွေပြီး ရိုးသားကြတယ်။ တစ်အိမ်နဲ့တစ်အိမ်က ဆွေမျိုးလိုပဲ။ တစ်ယောက်ဒုက္ခရောက်ရင် ဝိုင်းဝန်းကူညီကြတယ်။ မြို့မှာလို အပြေးအလွှားမဟုတ်ဘဲ အေးအေးဆေးဆေးနေထိုင်ကြတယ်။ ညနေခင်းဆို ရွာအဝင်က ဓမ္မာရုံမှာ လူကြီးတွေစကားပြောနေတာ၊ ကလေးတွေ ပြေးလွှားဆော့နေတာ တွေ့ရတယ်။ အဲဒီမြင်ကွင်းက ရိုးရှင်းပေမယ့် ပျော်ရွှင်ခြင်းအပြည့်ရှိတယ်။

ဒီရွာလေးက ကျွန်တော့်ရဲ့ ဘဝအမှတ်တရတွေ အများကြီးရှိတဲ့နေရာလေးပါ။ အေးချမ်းတဲ့လေထု၊ ရိုးသားတဲ့လူတွေနဲ့ စိမ်းစိုနေတဲ့ပတ်ဝန်းကျင်က ကျွန်တော့်ကို အမြဲတမ်းငြိမ်းချမ်းမှုပေးတယ်။ ဘယ်နေရာပဲရောက်ရောက် ဒီရွာလေးကို အမြဲသတိရနေမှာပါ။

**Phrase and clause level writing**

- **My village might seem insignificant**
  ကျွန်တော့်ရွာလေးက ဘာမှမဟုတ်ဘူးလို့ ထင်ရတယ်။
- **the most beautiful place in the world**
  ကမ္ဘာပေါ်မှာ အလှဆုံးနေရာလေးပဲ။
- **lush green paddy fields**
  စိမ်းစိုနေတဲ့ လယ်ကွင်းတွေ
- **clear streams**
  ကြည်လင်တဲ့ ချောင်းလေးတွေ
- **to wake up to the sound of birds**
  ငှက်သံလေးတွေနဲ့ နိုးလာရတာ
- **very friendly and honest**
  အလွန်ဖော်ရွေပြီး ရိုးသားကြတယ်။
- **each household is like family**
  တစ်အိမ်နဲ့တစ်အိမ်က ဆွေမျိုးလိုပဲ။
- **If someone is in trouble**
  တစ်ယောက်ဒုက္ခရောက်ရင်
- **they all help each other**
  ဝိုင်းဝန်းကူညီကြတယ်။
- **a calm and peaceful life**
  အေးအေးဆေးဆေး နေထိုင်ကြတယ်။
- **the elderly chatting and children playing**
  လူကြီးတွေ စကားပြောနေတာ၊ ကလေးတွေ ပြေးလွှားဆော့နေတာ
- **full of happiness**
  ပျော်ရွှင်ခြင်းအပြည့်ရှိတယ်။
- **many of my life's memories**
  ဘဝအမှတ်တရတွေ အများကြီး
- **give me a sense of tranquility**
  ငြိမ်းချမ်းမှု ပေးတယ်။
- **No matter where I go**
  ဘယ်နေရာပဲ ရောက်ရောက်
- **I will always remember this village**
  ဒီရွာလေးကို အမြဲသတိရနေမှာပါ။

**Sentence–level writing**

My village might seem insignificant compared to modern, developed cities, but to me, it's the most beautiful place in the world. Around the village, there are lush green paddy fields, small hills, and clear streams. It's truly peaceful to wake up to the sound of birds from the fields in the morning.

The villagers are very friendly and honest. Each household is like family. If someone is in trouble, they all help each other. Unlike in the city, people live a calm and peaceful life here. In the evening, you can see the elderly chatting and children playing at the community hall at the village entrance. That simple scene is full of happiness.

This village holds many of my life's memories. The peaceful air, honest people, and green surroundings always give me a sense of tranquility. No matter where I go, I will always remember this village.

ကျေးလက်က လှပတဲ့မြင်ကွင်းတွေနဲ့ ရိုးသားဖြူစင်တဲ့ လူတွေရဲ့ပုံရိပ်ကို အမှတ်ရတယ်။ ကျေးလက်ကနေရတဲ့ ငြိမ်းချမ်းမှုနဲ့ မြို့ပြကနေရတဲ့ အခွင့်အလမ်းတွေကိုပေါင်းစပ်ပြီး ဘဝကို ပုံဖော်ခဲ့တာ။ ဒါက ကျွန်တော့်ဘဝရဲ့ တန်ဖိုးအရှိဆုံး အတွေ့အကြုံပဲ ခင်ဗျာ။

## မြန်မာမဆန်သော ရေးဟန်အမှားများ

လှသမိန်

(၉-၉-၂၀၂၅ ရက်နေ့မှအဆက်)

၈

**အမှား။** ကျွန်တော် ရေကူးခြင်းကို နှစ်လိုသည်။
**အမှန်။** ကျွန်တော်ရေကူးရမည်ကို နှစ်လိုသည်။
**ရှင်းလင်းချက်။** အင်္ဂလိပ်ဘာသာ၌ (I LIKE SWIMMING) ကို တိုက်ရိုက်ပြန်ဆိုခြင်းဖြစ်၏။ မြန်မာဘာသာ၌ ကြိယာနာမ်အစား ကြိယာပါသော ဝါကျပုဒ်ကိုသာ သုံးလေ့ရှိသည်။

၉

**အမှား။** ကျွန်ုပ်တို့ လွတ်လပ်မှုအတွက် ကြိုးပမ်းသည်။
**အမှန်။** ကျွန်ုပ်တို့ လွတ်လပ်အောင် ကြိုးပမ်းသည်။။
**ရှင်းလင်းချက်။** အင်္ဂလိပ်ဘာသာ၌ (WE STRUGGLE FOR INDEPENDENCE) ကို တိုက်ရိုက်ပြန်ခြင်းဖြစ်သည်။

၁၀

**အမှား။** သူ၏ ကူညီခြင်းကို ကန့်ကွက်ရန်မရှိပါ။
**အမှန်။** သူ ကူညီသည်ကို ကန့်ကွက်ရန်မရှိပါ။
**ရှင်းလင်းချက်။** အင်္ဂလိပ်ဘာသာ၌ (NO OBJECTION TO HIS HELP) ကို မှီးလိုက်၍ ရေးခြင်းဖြစ်သည်။

၁၁

**အမှား။** လူကို ခွေး**အားဖြင့်** ကိုက်စေသည်။
**အမှန်။** လူကို ခွေးကိုက်သည်။
**ရှင်းလင်းချက်။** (THE MAN IS BITTEN BY THE DOG) ဟူသော အင်္ဂလိပ်ဘာသာရေးဟန်ကို လိုက်ခြင်းဖြစ်သည်။

၁၂

**အမှား။** သူ့မှာ **ယုံကြည်ချက်မရှိ**တော့ချေ။
**အမှန်။** သူသည် **မယုံကြည်**တော့ချေ။
**ရှင်းလင်းချက်။** (HE HAS NO CONFIDENCE) ဟူသော အင်္ဂလိပ်ဘာသာရေးဟန်ကို လိုက်ခြင်းဖြစ်သည်။
**မှတ်ချက်။** အင်္ဂလိပ်ဘာသာမှ မြန်မာပြန်ဆိုရာ၌ဖြစ်စေ၊ မြန်မာဘာသာနှင့် သီးခြားရေးသားရာ၌ဖြစ်စေ၊ မြန်မာဘာသာ အတွေးအဆအားဖြင့် တွေးဆ၍ ရေးသားရပေသည်။ အခြားဘာသာစကား ပြောဟန် ရေးဟန်ကိုစွဲဝင်၍ ထိုရေးဟန်အတိုင်း ရေးချခြင်းဖြင့်ကား မြန်မာဟန်မဆန်ဘဲသာလျှင် ရှိတတ်ပေသည်။ စကားလုံးနှင့်ရေးဟန်ကို ထက်ကြပ်လိုက်နိုင်သောနေရာနှင့် ထက်ကြပ်လိုက်လျှင် မြန်မာရေးဟန်နှင့် ကွဲလွဲတတ်သော နေရာတို့ကို ခွဲခြားသိရှိရန်လိုပေသည်။

၁၃

**အမှား။** မော်တော်ကားကို **ဒက်စတော့**ရုပ်လိုက်သဖြင့် ရှေ့သို့ ငိုက်ကျသွားသည်။
**အမှန်။** မော်တော်ကားကို **တစ်ရှိန်ထိုး**ရပ်လိုက်သဖြင့် ရှေ့သို့ ငိုက်ကျသွားသည်။
**ရှင်းလင်းချက်။** အင်္ဂလိပ်စကား တတ်ကျွမ်းသူများနှင့် အကြောင်းရပ်အလိုက် ပြောဆိုသုံးနှုန်းကြသူများမှတစ်ပါး အသိခက်သော စကားလုံးမျိုးကို ထည့်သွင်းရေးသားခြင်း မပြုသင့်ချေ။ ထိုသို့သောစကားမျိုးသည်လည်း မြန်မာမဆန်ချေ။

၁၄

**အမှား။** အခြားနိုင်ငံများ**ဆီသို့** စေတနာထားခြင်းကို ထင်ရှားစေ၏။
**အမှန်။** အခြားနိုင်ငံများ**အပေါ်** စေတနာထားခြင်းကို ထင်ရှားစေ၏။
**ရှင်းလင်းချက်။** (ဆီသို့)မှာ အင်္ဂလိပ်ဘာသာ(TOWARD) ကို လိုက်ပြီး တွေးခေါ်ယူဆရေးသားထားခြင်းဖြစ်၍ မြန်မာမဆန်ဘဲ ရှိလေသည်။

၁၅

**အမှား။** ဆီစက်ကို ဦးသန့်+ဒေါ်မြပိုင်၏။
**အမှန်။** ဆီစက်ကို ဦးသန့် **နှင့်** ဒေါ်မြပိုင်၏။
**ရှင်းလင်းချက်။** (+)ကို စာရေးသည့်အခါတွင် မသုံးရချေ။ အတိုမှတ်သည့်အခါ၌သာ သုံးသည်။

၁၆

**အမှား။** သူ၏နာမည် မခင်၂ ဖြစ်၏။
**အမှန်။** သူ၏ နာမည် မခင်**ခင်**ဖြစ်၏။
**ရှင်းလင်းချက်။** ထပ်ဂဏန်းကို စာရေးရာတွင် မသုံးရချေ။ အတိုမှတ်ရာ၌သာသုံးရသည်။

၁၇

**အမှား။** အလုပ်မဆင်းကြသူပေါင်းမှာ ၂၀-ယောက်ဖြစ်၏။
**အမှန်။** အလုပ်မဆင်းကြသူပေါင်းမှာ အယောက်၂၀ ဖြစ်၏။
**ရှင်းလင်းချက်။** ဆယ်ပြည့်ကိန်းများတွင် အရေအတွက် သင်္ချာကို ရှေ့မှသာထည့်ရ၏။ ၂၀ ကျပ်အစား ကျပ် ၂၀ ဟူ၍သာ ရေးသားသုံးစွဲလေ့ရှိသည်။

၁၈

**အမှား။** သူမှာတော်သည်၊ သူ၏ သူငယ်ချင်းသည်မတော်။
**အမှန်။** သူသည် တော်သည်၊ သူ၏ သူငယ်ချင်းမှာမတော်။
**ရှင်းလင်းချက်။** (မှာ)သည် ပထမကတ္တားမှ ကွဲလွဲစေလိုသော ကြောင့် သုံးစွဲခြင်းဖြစ်သဖြင့် ကတ္တားနှစ်ခုတွင် ပထမကတ္တား၌ (သည်)ကိုသုံး၍ ဒုတိယကတ္တား ကျမှသာ(မှာ)ကို သုံးရသည်။

ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။

✪ **MNLမှ**

ယခုပွဲသရေရလဒ်မှာ နှစ်သင်းစလုံးအတွက် နစ်နာခဲ့ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အသင်းအနေဖြင့် ထိပ်ဆုံးမှ ဒဂုံစတားအသင်း ထက် တစ်ပွဲပိုငါးမှတ်ကွာဟသွားသလို ဒုတိယ နေရာမှ အား/ကာသိပ္ပံအသင်းမှာလည်း ချန်ပီယံဆုအတွက် ရုန်းကန်ရတော့မည်ဖြစ် သည်။ ၃၅ မိနစ်တွင် ခွန်မြင့်ဆွေက ရှမ်း ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပြီး အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးကို ၇၉ မိနစ်တွင် စောအောင်မျိုးဦးက သွင်းယူခဲ့သည်။

သန်လျင်သီဟဒီပကွင်း၌ ကျင်းပသည့် ပွဲတွင် Falcon (ခ) မြန်မာ ယူ-၁၆ လူငယ် လက်ရွေးစင်အသင်းက ရန်ကုန်ယူနိုက်တက် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ သည်။ တတိယနေရာမှ ရန်ကုန်ယူနိုက်တက် အသင်းသည် ဇယားထိပ်ပိုင်းမှအသင်းများကို ဖိအားပေးရန် ကြိုးစားရင်း ထပ်မံခြေချော်ခဲ့ သည်။ ဒုတိယအကျော့တွင် ပုံစံကောင်းရနေ သည့် Falcon အသင်းသည် နိုင်ပွဲပြန်လည် ရယူနိုင်ခဲ့ပြီး ၆၈ မိနစ်တွင် စိုင်းမြတ်မင်းက အနိုင်ဂိုး သွင်းယူသည်။ ဗဟန်းမြက်ခင်းတု ကွင်း၌ ကျင်းပသည့်ပွဲတွင် Dagon Port အသင်းက ရခိုင်ယူနိုက်တက် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Dagon Port အသင်းသည် ရာသီပိတ်ခါနီးတွင် နိုင်ပွဲ များ ရယူနေပြီး ၁၉၊ ၄၇ မိနစ်တွင် သိန်းသန်းစိုး က ဂိုးများသွင်းယူခဲ့သည်။ ရခိုင်ယူနိုက်တက် အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၄၁ မိနစ် တွင် နိုင်လင်းထွဋ်က သွင်းယူခဲ့သည်။

ပွဲစဉ် (၂၀) တတိယနေ့ကို စက်တင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သန်လျင်သီဟဒီပကွင်း၌ ဟံသာဝတီယူနိုက် တက်အသင်းနှင့်ရွှေဝတီယူနိုက်တက်အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ မဟာယူနိုက်တက် အသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ Junior Lions အသင်းနှင့် ဒဂုံစတားယူနိုက် တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ် သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MNL**

❍ **ဗလင်စီယာအသင်းမှ**

အမှတ်ပေးဇယားထိပ်ဆုံးမှာတော့ ရီးယဲလ်မက်ဒရစ်အသင်းက လေးပွဲကစား လေးပွဲစလုံး အနိုင်ရရှိကာ ရမှတ် ၁၂ မှတ်နဲ့ ထိပ်ဆုံးမှာ ရပ်တည်နေတာဖြစ်ပါတယ်။

စက်တင်ဘာ ၁၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော စပိန်လာလီဂါပွဲစဉ်တွေ မှာတော့ ဆယ်လ်တာဗီဂိုအသင်းနဲ့ ဂျီရိုနာအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ လီဗန်တေးအသင်းနဲ့ ရီးယဲလ်ဘတ်တစ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး အိုဆာဆူနာအသင်းနဲ့ ဗယ်လက်ကာနိုအသင်းတို့ပွဲစဉ်မှာတော့ အိုဆာဆူနာ အသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ် သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်း အတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ် စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေ သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်း စကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန် နှင့် ပံ့ပိုးအားပေးရမည်။

■

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၄၃)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်အနက်မှ (၃)လွှာ/B တိုက်ကိုမျက်နှာမူလျှင် (ညာ) အကျယ်အဝန်း (၁၃ပေx၅၀ပေ)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို **ဦးစန်းဝင်း [၁၂/သဃက(နိုင်) ၀၄၃၂၈၁]**ကိုင်ဆောင်သူမှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်အေးစန္ဒာမြင့် [၁၂/ပဇတ(နိုင်) ၀၂၇၉၀၉]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကန့်ကွက် နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ များမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက် သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နီနီဝင်း (LL.B)** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၅၁၇၁၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၈)၊ မြေညီ၊ ဦးဖိုးကျားလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၉)ရပ်ကွက်၊ ကနောင်အိမ်ရာအပိုင်း (၂)၊ တိုက်အမှတ် (၃၄)၊ ၁၂-ခန်းတွဲ (၅) ထပ်တိုက်၏ အခန်းအမှတ်-၀၀၆ (မြေညီထပ်)၊ ကြမ်းခင်းဧရိယာ (၄၅၆) စတုရန်းပေ အကျယ်ရှိတိုက်ခန်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးထွန်းအောင်သာ (၁၁/သတန(နိုင်)၀၅၃၂၁၀) အမည်ပေါက်လျက်ရှိပြီး၊ လက်ဝယ်ထား ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်းဝန်ခံကတိပြုသည့်အတွက် ၎င်းထံမှအပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးကျော်သူရ (၉/ပမန(နိုင်)၁၂၄၆၅၇) က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးလျှမ်းထက် (LL.B) | ဦးသီဟမျိုးဟန် |
| (စဉ်-၁၁၇၈၈) | (LL.B) (စဉ်-၂၇၂၂၀) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်-၁၉၅ (ဒုထပ်)၊ ၃၃-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၂၁၁၀၆၇၀၈၊ ၀၉ ၂၅၄၂၀၆၈၆၂

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ အကွက်အမှတ်(၆၀၁)၊ ဦးပိုင်အမှတ်(၁၆၄)၊ ဧရိယာ(၀.၀၃)ဧက၊ စစ်-မန်းကားလမ်း၊ ကွမ်းသီးတန်းလမ်းနှင့် ပိန်းတန်းလမ်းကြားရှိ မြေကွက်အား ဦးကျော်စိုးမိုး [၉/မနတ(နိုင်)၀၀၀၂၈၅]က အစဉ်တစိုက်နေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်-၈၀၀၊ ဦးပိုင်အမှတ် ၂၈/၂၇ လမ်း၊ ၆၃x၆၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်လှိုင် [၉/မရမ(နိုင်) ၀၂၅၆၁၁]၊ ဒေါ်ယုဝေ [၉/မရမ(နိုင်)၀၅၅၀၁၅]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၉)၊ ဦးပိုင်အမှတ်(၁၀)၊ ၆၃x၆၄ လမ်းကြား၊ ဇော်ဂျီနှင့် ကုသိုလ်တော်လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်စန်းရီ [၉/အမရ(နိုင်)၀၆၈၆၈၀]က တောဂရန်မူရင်း၊ မြေစာရင်းပုံစံ-၁၀၅ မူရင်းတို့မှာ လက်ဝယ်တွင် ပျောက်ဆုံးသွား ပါသဖြင့် ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန် ချက်များတင်ပြ၍ ဂရန်ပျောက်၊ တောမှမြို့ပြောင်း၊ သက်တမ်းတိုးရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ပျောက်ဆုံးသွားသော ဒေါ်စန်းရီအမည်ပေါက် တောဂရန်အမှုတွဲအမှတ်(၁၁၅၉/၉၀-၉၁)အား ဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ အကွက်အမှတ်(၆၀၁)၊ ဦးပိုင်အမှတ်(၂၀၀+၂၀၁+၂၀၂+၂၀၃)အတွင်းမှ ဧရိယာ(၀.၁၃၀၀) ဧက၊ စစ်-မန်းကားလမ်း၊ မောင်းတန်းလမ်းနှင့် ပိန်းတန်းလမ်းကြားရှိ မြေကွက်အား ဦးကျော်စိုးမိုး [၉/မနတ(နိုင်)၀၀၀၂၈၅]က အစဉ်တစိုက် နေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်-၄၁၃/၁(ကြွံခိုင်ရေး)၊ ဦးပိုင်အမှတ်(၃၇-ခ)၊ ၃၅(A)လမ်း၊ ၆၉x၇၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်မျိုးအောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၇၈၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လုစန္ဒာဝင်း [၉/ခအဇ(နိုင်)၀၃၈၃၇၄]က အမှုတွဲအမှတ်(၂၄၉၉/ ၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၉)၊ ဦးပိုင်အမှတ်(၂၉)၊ ၁၀၅x၁၀၆ ကြား၊ ၅၀x၅၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မြသန်း၏ (SP ရရှိသူ ဒေါ်ဖြိုးလပြည့်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၅၈၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခိုင်ဇာဝင်း [၁၃/ကခန(နိုင်) ၀၇၂၉၅၁]က အမှုတွဲအမှတ်(၂၅၀၉/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်-(ဖ-၇)၊ ဦးပိုင်အမှတ်(၂၅၄-ခ)၊ ၅၅(B)လမ်း၊ ၁၁၁x၁၁၂ လမ်းကြားရှိ မြေကွက်အားချထားပေးခြင်းခံရသူ ဦးသန်းငွေ [၉/ခမစ(နိုင်)၀၀၆၅၇၂]က အမှုတွဲအမှတ် (၂၅၀၂/၂၀၂၅-၂၀၂၆) ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၄)၊ ဦးပိုင်အမှတ်(၇၁)၊ ၆၆x၆၇ လမ်းကြား၊ ၁၃၂x ၁၃၃ လမ်းကြားရှိဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သင့်သင့် သူထွန်း [၉/မရမ(နိုင်)၀၈၃၄၇၆] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အကွက်အမှတ် (၅၉၆-က)၊ ဦးပိုင်အမှတ်-၁၅ အနောက်ခြမ်း ခဲစင်းပြ ဧရိယာ(၀.၁၃၅)ဧက၊ E.P.C ရုံးလမ်း၊ မောင်းတန်းလမ်းနှင့် ဆေးရုံလမ်းကြားရှိ မြေကွက်အား ဦးကျော်ထွန်းဆန်း [၉/အမရ(နိုင်)၀၀၂၀၄၁]က အစဉ်တစိုက် နေထိုင်ပိုင်ဆိုင် လျက်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ဆိုချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက် အမှတ်(ဟ-၆)၊ ဦးပိုင်အမှတ်(၄၀/ခဲစင်းတောင်ခြမ်း၊ မြောက်ခြမ်း)၊ ၆၈x၆၉ လမ်းကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဦးမြင့်ထွန်း [၁၃/လရန(နိုင်)၀၈၁၃၅၅]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ) ရပ်ကွက်၊ အကွက်အမှတ်- (ယ-၃)၊ ဦးပိုင်အမှတ်-၂၂ ခဲစင်းတောင်ခြမ်း+ မြောက်ခြမ်း၊ ၇၁x ၇၂ ကြား၊ ၁၁၂x ၁၁၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းတင့်ဦး [၉/ မရမ(နိုင်)၀၂၀၇၀၃] ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၄၃၀/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်နိုင်မျိုး [၉/မရတ(နိုင်)၁၁၉၇၅၉]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက် အမှတ်(နန-၄)၊ ဦးပိုင်အမှတ်(၆၀)၊ ၆၆x၆၇ လမ်းကြား၊ ၁၃၂x၁၃၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သင့်သင့်သူထွန်း [၉/ မရမ(နိုင်)၀၈၃၄၇၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ်- (ပပ-၁၈)၊ ဦးပိုင်အမှတ်-၂၄/ ၆၂x၆၃ လမ်းကြား၊ ၁၃၅x ၁၃၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စမ်းစမ်းမာ၊ ဒေါ်တင်တင်ဝင်းတို့ (၂)ဦးအနက်၊ ဒေါ်စမ်းစမ်းမာ[၉/မရတ(နိုင်)၀၃၀၆၂၄] ထံမှ စွန့်လွှတ် စာချုပ်အမှတ် (၁၀၃၄/၂၀၂၃)အရ ပိုင်ဆိုင်ခဲ့သူ ဒေါ်တင်တင်ဝင်း[၉/မရတ (နိုင်)၀၃၀၇၃၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ သဇင်(၄)လမ်း၊ မြေကွက်အမှတ် (၆၃၂)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေထဲမှ မြေကွက်အမှတ်(၆၃၃)နှင့်ကပ်လျက်ဘက်ခြမ်း၏ ဦးထွေးမောင်(IMHA-၀၂၇၆၈၁)အမည်ပေါက် မြေချပါမစ်(မိတ္တူ)ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမိုးမင်းကျော်[၇/ ပခက(နိုင်)၀၄၆၉၉၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာချော[၉/မထလ(နိုင်)၂၃၇၇၈၁]မှ လက်ရောက်ရယူ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B,D.I.L)** | **LL.B,D.B.L,D.I.L,WIPO(Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးထက်နိုင်ထူးသည် ဒေါ်ခင်သူသူအောင်(ခ) ညိုချောနှင့် လင်မယားကွာရှင်းပြတ်စဲလိုမှုနှင့် တရားရင်ဆိုင်ရာ ၂၂–၈–၂၀၂၄ရက် ထန်းတပင်မြို့နယ်တရားရုံးတွင် အနိုင်ဒီကရီကိုရရှိခဲ့ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စများသည် ကျွန်ုပ်ထက်နိုင်ထူးနှင့် မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးထက်နိုင်ထူး**
**[၁၂/စခန(နိုင်)၀၇၃၄၃၄]**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃/က) တွင်နေထိုင်သူဦးစောလယာရီယာသျှစ်အယ်လာ (၁၂/ဒလန(နိုင်)၀၅၂၆၃၇ သည် ဇနီးဖြစ်သူ ဒေါ်မျိုးသန္တာ (၁၂/ဒလန(နိုင်)၀၈၁၄၅၃)အား (၉.၉.၂၀၂၅)ရက်စွဲပါ ဇနီးအဖြစ်မှ စွန့်လွှတ်ကြော်ငြာအား နားလည်မှုလွဲမှားစွာဖြင့် ထည့်သွင်းကြော်ငြာထားခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့် ဇနီးဒေါ်မျိုးသန္တာတို့သည် တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းပြေလည်မှုရရှိသွားသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အထင်အမြင်လွဲမှားကာ မိမိ၏ဒေါသအလျောက် ဇနီးအဖြစ်မှစွန့်လွှတ်ထားခြင်းအား ယနေ့မှစ၍ပြန်လည်ရုပ်သိမ်း လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဦးစောလယာရီယာသျှစ်အယ်လာ** | **ဒေါ်ဖြိုးနန္ဒာဦး LL.B, WIPO (Switzerland)** |
| **၁၂/ဒလန(နိုင်)၀၉၅၀၁၂** | **အထက်တန်းရှေ့နေ** |
| | **(စဉ် ၅၂၉၅၁/၂၀၂၀)** |

**အမှတ်(၁၅၃)၊၅လွှာA၊ ဆိပ်ကမ်းသာလမ်း၊ရန်ကုန်မြို့၊ ဖုန်း ၀၉ – ၉၇၉၃၄၄၂၇၄၊**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၉)၊ မြေကွက်အမှတ်(၆၅၃)အား အမည်ပေါက် ဒေါ်ဝက်(ISN-၃၀၉၈၄၀)[၁၂/လကန(နိုင်)၀၆၂၈၃၂]မှ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ (နေပြည်တော်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၉)၊မြေကွက်အမှတ် (၁၉၁၂) ဟုခေါ်တွင်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ပါမစ်အမည်ပေါက် ဒေါ်စန်းရီအမည်ဖြင့် မှတ်သားတည်ရှိသည့် (အလျား ၄၀ပေ x အနံ ၆၀ပေ) ရှိသည့် အနက်မှ (အလျား ၂၀ပေ x အနံ ၆၀ပေ) ရှိမြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုအပိုင်ရောင်းချသူ ဦးအောင်မင်းသူ [၈/ရစက(နိုင်)၁၃၀၄၄၁]မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူထား၍ ၎င်းမှသာလျှင် ပိုင်ဆိုင်ပြီး ပေးကမ်းပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ယခုအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်ဆုထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၆၂၈)**
**အမှတ် (၅၆၈)၊ မဟူရာလမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၉၅၆၂၉၀၁၅၊ ၀၉– ၂၅၃၅၇၅၀၇၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၆၅)၊ မြေကွက်အမှတ် (၄၈၉)၊ အကျယ်အဝန်းပေ (၄၀x၆၀)ပေ၊ စတုရန်းပေ (၂၄၀၀) ရှိ ဦးမိုးကျော်သူ (၁)အမည်ပေါက် ပါမစ်မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပါမစ်မူရင်းနှင့်မြေကွက်အား လက်ရောက်ပိုင်ရှင်ဖြစ်သည့် ဦးစောနောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖွဲ့ဝေယံနိုင်မှ ဝယ်ယူပြီး ဖြစ်ပါသောကြောင့် အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက ဂရန်အမည်ပေါက်ရရှိသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြသင်းကြည်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၆၀၇၈)**
**အမှတ်(၂၁–ခ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၁၅၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၀၄၀၇၆၁၆၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၂၁)၊ မြေကွက်အမှတ် (၂၀၈)၊ အကျယ်အဝန်းပေ (၄၀x၆၀)ပေ၊ စတုရန်းပေ (၂၄၀၀) ရှိ ဒေါက်တာမျိုးအောင်ခင်အမည်ပေါက် ပါမစ်မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပါမစ်မူရင်းနှင့်မြေကွက်အား လက်ရောက်ပိုင်ရှင်ဖြစ်သည့် ဦးစောနောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖွဲ့ဝေယံနိုင်မှ ဝယ်ယူပြီးဖြစ်ပါသောကြောင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဂရန်အမည်ပေါက်ရရှိသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြသင်းကြည်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၆၀၇၈)**
**အမှတ်(၂၁–ခ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၁၅၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉–၄၀၄၀၇၆၁၆၁**

## တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၇)ရပ်ကွက်၊ ရွှေတောင်ဝင်းလမ်း၊ အမှတ်(၂၇/၉၄)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသီဟ(ခ)ကိုဥက္ကာ (ဘ) ဦးခင်မောင်[၁၄/မအပ(နိုင်)၃၁၅၁၄၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသီဟ(ခ)ကိုဥက္ကာ[၁၄/မအပ(နိုင်)၃၁၅၁၄၆]နှင့် ဒေါ်ကြည်ကြည်ညွှန့်(ဘ) ဦးသိန်းဝင်း[၁၄/မအပ(နိုင်)၁၅၉၄၄၅]တို့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် (၃–၂–၂၀၂၃)နေ့၌ အသိသက်သေလူကြီးများ ရှေ့မှောက်၌ “နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်”တွင် လက်မှတ်ရေးထိုးပြီး တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းပြတ်စဲပြီးချိန်မှစ၍ ယနေ့အချိန်အထိ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသီဟ(ခ)ကိုဥက္ကာနှင့် ဒေါ်ကြည်ကြည်ညွှန့်တို့သည် မည်သည့်ပတ်သက်ဆက်နွယ်မှုတစ်စုံတစ်ရာမှ မရှိတော့ကြောင်းနှင့် ဒေါ်ကြည်ကြည်ညွှန့်၏ လူမှုရေး၊ စီးပွားရေးစသည့်အခြားသောကိစ္စအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ ကျွန်ုပ်၏မိတ်ဆွေနှင့် မသက်ဆိုင်ဘဲ ၎င်းဒေါ်ကြည်ကြည်ညွှန့်နှင့်သာ ဖြေရှင်းဆောင်ရွက်ကြရန် ဖြစ်ပါသည်။

ဒေါ်ကြည်ကြည်ညွှန့်အနေဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသီဟ(ခ)ကိုဥက္ကာနှင့် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်သောကြောင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူနေထိုင်ရာ ရပ်ကွက်ပတ်ဝန်းကျင်တွင်လည်းကောင်း၊ ရုံးတွင်လည်းကောင်း ဂုဏ်သိက္ခာကျဆင်းစေမည့် ပြုမူပြောဆို ဆောင်ရွက်မှုများနှင့် ကျွန်ုပ်မိတ်ဆွေထံသို့ လူကိုယ်တိုင်လာရောက်နှောင့်ယှက်ခြင်း၊ ရန်ပြုခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ဒေါ်ကြည်ကြည်ညွှန့်နှင့်တကွ အများသိစေရန်အတွက် အသိပေးကြေညာအပ်ပါသည်။

**ဦးသီဟ(ခ)ကိုဥက္ကာ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရွှေစင်မြင့် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၃၁၈)**
**တိုက်(၁၀/၁၂)၊ ၃၅–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၇၉၈၉၆၆၈၄၉**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်”

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ မြေကွက်အမှတ်(၆)၊ မြေတိုင်းရပ်ကွက်အမှတ်(A–၁၆)၊ ဧရိယာ(၀.၂၄)ဧကရှိ ဒေါ်ဂျာလု(ခ) မြင်အိုက်အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်ကျထားသည့် မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဂျာလု(ခ) မြင်အိုက် [၉/မရမ(ဧည့်)၀၀၀၃၅၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးသက်လွင်ဦး** | **ဦးအေးချမ်းမောင်မောင်** |
| **LLB,LLM,D.B.L,D.M.L,D.I.L,PGDL,** | **(LL.B)** |
| **D.L.P WIPO (Switzerland)** | **အထက်တန်းရှေ့နေ (စဉ်–၅၆၃၄၇)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၃၃၉)** | **တိုက်–၉/၁၁၊ အခန်း(၃၀၂–စီ)၊** |
| **Merchant Luxury Condominium** | **တတိယထပ်၊ ၃၆–လမ်း၊** |
| **ကုန်သည်လမ်း၊ လမ်း(၅၀)နှင့်** | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| **(၅၁)လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊** | **ဖုန်း – ၀၉–၇၈၃၅၂၅၃၃၄** |
| **ရန်ကုန်မြို့။** | |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ လူနေရပ်ကွက်အမှတ်– မြို့မ(၄)၊ မြေတိုင်းရပ်ကွက်အမှတ်–၆၊ အဲမွန်ဒရာလမ်း၊ မြေကွက်အမှတ် (၇၅၉)၊ ဦးဝင်းမောင်အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း(၂၅x၅၀)ပေ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရှုပ်အရှင်းကင်း၍ တရားဝင် လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအောင်နိုင်မြင့်[၁၂/တတန(နိုင်)၂၇၀၇၈၄]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုမြတ်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၅၁၉/၂၀၂၁)**
**တိုက်–၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၆၅၇၈၄၆၈၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဗိုလ်ချိုလမ်း၊ အမှတ်(၅၆၉)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)နှစ်(၆၀)မြေငှား ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်လျက်ရှိသည့် (၂)ခန်းတွဲ(၆)ထပ်တိုက် အဆောက်အဦ၏ (၄– A လွှာ)၊ တတိယထပ်၊ ခြေရင်းခြမ်း၊ (၁၇ ပေ x ၅၄ ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အခိုင်အမာ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို (ကန်ထရိုက်တာ) ဦးအောင်ကျော်ထွန်း[၁၂/အစန(နိုင်) ၀၅၀၅၂၃]သည် “မြေရှင်ဖြစ်သူ ဦးမြင့်ငွေ [၁၂/မတန(နိုင်)၀၀၉၇၇၀]ထံမှ အခန်းပေး အခန်းယူ နှစ်ဦးသဘောတူ ကတိပဋိညာဉ်စာချုပ်”ဖြင့် အထက်ဖော်ပြပါတိုက်ခန်းအား လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မြင့်ထွန်း [၁၂/ဒဂရ (နိုင်)၀၀၂၃၀၅]ထံသို့ ကြိုပွဲငှင့်စနစ်ဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေ ဦးဇော်မြင့်ထွန်းက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိအိမိုး(ခ)ဒေါ်အိသန္တာထွန်း(LL.B, D.B.L)**
**အထက်တန်းရှေ့နေ စဉ်–(၅၆၄၆၃/၂၄)**
**အမှတ်(၁၁၉)၊ ဗထူး(၁၃)လမ်း၊ (၂)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-986143075**

## ဦးဘိုဘိုထွန်းနှင့် အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ညောင်ဖြူစခန်း ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(ည/၈၈) တွင် နေထိုင်သူ ဒေါ်နန်းစုစုဟွမ်[၁၃/တကန(နိုင်)၂၉၀၇၄၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဦးဘိုဘိုထွန်း(ဘ) ဦးခွန်ထွန်းကြွယ်[၁၃/တကန(နိုင်)၂၈၂၃၂၉] သည် ဇနီးမယားနှင့်သားတို့အား ရှာဖွေကျွေးမွေးခြင်းမရှိကြောင်း၊ အိမ်ထောင်တာဝန် ဦးဆောင်ဆောင်ရွက်ခြင်းများမရှိကြောင်း၊ ကိုယ်ထိလက်ရောက်နှိပ်စက်ခြင်း၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်သော အပြုအမူများ၊ နာကျည်းစေသည့် အပြောအဆိုများ စသည့်အိမ်ထောင်ရေးကြီးလေးသော ရက်စက်မှုများစွာ ကျူးလွန်ခဲ့သောကြောင့်(၆–၉–၂၀၂၅) ရက်နေ့ ထုတ် ကြေးမုံသတင်းစာတွင် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးရန် အကြောင်းကြားအသိပေးခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ တရားဝင်ကြေညာအသိပေးခဲ့သည်ကို လျစ်လျူရှု၍ ယနေ့ချိန်ထိ ပြန်လည်ဆက်သွယ်ခဲ့ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ဆက်လက်ပေါင်းသင်းလိုစိတ် ဆန္ဒမရှိသောကြောင့် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးရန် အကြောင်းကြား အသိပေးဆောင်ရွက်ခဲ့ပါသော်လည်း ပြန်လည်ဆက်သွယ်ခဲ့ခြင်းမရှိသောကြောင့် ယနေ့ကြေညာချက်ပါသည့်နေ့မှစ၍ ဒေါ်နန်းစုစုဟွမ်၏ ကိုယ်ရေးကိုယ်တာ၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့သည် ဦးဘိုဘိုထွန်းနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းစုစုဟွမ်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်အောင်ကျော်(LL.B.)**
**အထက်တန်းရှေ့နေ(စဉ်–၄၂၈၁၅/၂၀၁၃)**
**ရ/၁၁၀၊ ပတ္တမြားလမ်း၊ ရတနာသီရိရပ်ကွက်၊ တောင်ကြီးမြို့။**
**ဖုန်း–၀၉–၂၆၁၂၉၀၄၀၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ဟံသာဝတီလမ်း၊ မြေကွက်အမှတ်(၂၃၃)၊ အကျယ်အဝန်း(၄၀'x၆၀')ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီတွင် ဒေါ်စိန်စိန် (O/RGN-၀၀၀၄၀၅)အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မိခင် ဒေါ်စိန်စိန်နှင့် ဖခင် ဦးထွန်းကြည်တို့ (၂)ဦးလုံး ကွယ်လွန်ပြီးဖြစ်၍ ၎င်းတို့၏ သားသမီးများဖြစ်သော **(၁)ဒေါ်နှင်းနှင်းရီ(ကွယ်လွန်)သဖြင့် တစ်ဦးတည်းသော သားတော်စပ်သူ ဦးသော်တာလင်း၊ (၂) ဒေါ်မြမြရီ၊ (၃)ဦးသိန်းစိုး၊ (၄)ဦးမျိုးထွန်း(ခေတ္တ–ကနေဒါ)၊ (၅)ဒေါ်ညွန့်ညွန့်ရည်၊ (၆)ဦးထိန်လင်း(ခေတ္တ–မလေးရှား)တို့မှ** ၎င်းတို့(၆)ဦးသာ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သန္တာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၃၆၅)**
**အမှတ်–၃၈၈၊ အေးမြသာယာလမ်း၊ ၃၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၄၄၃၂၁၈၀၁၃၊ ၀၉– ၇၈၆၃၁၇၂၈၀**

## ‘ဖခင်အမည်မှန်’

ကြံခင်းမြို့နယ်၊ အ.ထ.က (ဘက်ရဲ) Grade-12(C)မှ မောင်ချစ်စန်းသူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် [၁၄/ကခန(နိုင်)၀၇၄၇၂၇] ဖြစ်ပါသည်။

## ‘မိခင်အမည်မှန်’

ကြံခင်းမြို့နယ်၊ အ.ထ.က (ဘက်ရဲ) Grade-7(A)မှ မအေးချမ်းနဒီ၏ မိခင်အမည်မှန်မှာ ဒေါ်နွဲ့ငွေး [၁၄/ကခန(နိုင်)၀၈၈၂၁၇] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်– ၁၂၇၊ မြေကွက် အမှတ်(၇၂၄)၊ပေ(၄၀x၆၀) ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနတွင် ဦးရဲနောင်(RGN-021709) အမည်ဖြင့်မှတ်သားတည်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ကို ဦးကျော်မြင့် [၁၂/မရက(နိုင်)၀၉၅၈၃၆] ကိုင်ဆောင်သူမှ ဆက်စပ်စာချုပ် စာရွက်စာတမ်းမူရင်းများဖြင့် တရားဝင် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းသည့်မိမိပိုင်ဆိုင်သောပစ္စည်းဖြစ်၍ ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ပါသည်။ ၎င်းမြေကွက်အကျယ်အဝန်း(၄၀x၆၀)ပေထဲမှ အလျားပေ၂၀xအနံ၆၀ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီနီလွင် [၁၂/ဒဂရ(နိုင်)၀၀၄၄၃၁] ကိုင်ဆောင်သူမှ (၁၄–၉–၂၀၂၅) ရက်စွဲပါစာချုပ်ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ် ထံသို့ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့် ရက်မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြင့်ခိုင် (LL.B, D.B.L)** | **ဒေါ်နန့်အိဆုမွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၆၆၂၂)** | **(စဉ်–၄၉၄၀၁)** |

**အမှတ်(၃၆၅)၊သမာဓိ(၂)လမ်း၊ (၃၉/B)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-422464007,09-795598060**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ မြေကွက်အမှတ် (၁၈၀)၊ မြေဧရိယာ (၂၄၀၀) စတုရန်းပေအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးသန်းထွန်းဆွေအမည်ဖြင့် တည်ရှိပြီး ဖခင် ဦးသန်းထွန်းဆွေနှင့်မိခင် ဒေါ်မြင့်မြင့်ဝင်းတို့ အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ၎င်းတို့၏ သားသမီးများကမြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပိုင်ဆိုင်ခဲ့ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာကြသော ဒေါ်လင်းလင်းထွန်း [၁၂/ပဘတ(နိုင်)၀၂၆၄၉၆]၊ ဒေါ်ဖြူဖြူထွန်း [၁၂/ပဘတ(နိုင်)၀၂၆၄၉၇]၊ ဒေါ်သူသူထွန်း [၁၂/ပဘတ(နိုင်)၀၃၀၇၀၆]၊ ဒေါ်ဝါဝါထွန်း [၁၂/ပဘတ(နိုင်)၀၃၀၇၀၇]၊ ဦးရဲမင်းဦး[၁၂/ပဘတ(နိုင်)၀၃၃၇၃၁]၊ ဒေါ်လှိုင်းထက်ထက်နှင်း [၁၂/ပဘတ(နိုင်)၀၃၃၇၃၂] အမှတ်(၁၈၀)။ သီဟသူလမ်း၊ ၁၁– ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့် တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်/၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်/၇၅၁၅)** |
| **ဖုန်း–၀၉–၅၁၇၁၄၃၃** | **ဖုန်း ၀၉–၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ အောင်သြဘာလမ်း၊ အမှတ် (၃၃၈/က၊ ၃၃၈/ခ) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်–ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ် (၃၃၈/က)၊ အကျယ်အဝန်း (၂၀' x ၆၀')၊ မြေကွက်အမှတ်(၃၃၈/ခ )၊ အကျယ်အဝန်း (၂၀' x ၆၀')ရှိ နှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်အပါအဝင် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံ ခန့်ခွဲမှုဌာန၌ အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်အေးအေးနှင်း [၈/မသန(နိုင်)၀၃၄၉၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများအနက်မှ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇော်ကိုကိုဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၄၇၄)**
**အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉ – ၄၂၀၀၈၃၅၃၆၊ ၀၉–၇၉၁၅၁၈၅၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၆၉၀ᄁ)၊ အကျယ်အဝန်း (၂၀' x ၆၀')ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၆၉၀/က )၊ နှင်းဆီ (၃)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်သန်း [၁၂/သကတ(နိုင်)၀၈၁၁၄၃]ထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အမွေဆိုင်အရှုပ်အရှင်းကင်းလျက် ရောင်းချပိုင်ခွင့်ရှိသူ (၁)ဦးအောင်ကျော်စိုး [၁၂/ဥကမ(နိုင်)၀၀၂၂၀၈]၊ (၂)ဒေါ်ကြည်ကြည်မြင့် [၁၂/ဥကမ(နိုင်)၁၄၇၅၂၆]၊ (၃)ဒေါ်ပွင့်ဇာနည်ကျော် [၁၂/ဥကမ(နိုင်)၂၇၇၉၁၀]၊ (၄)ဒေါ်အေးဇာနည်ဖူး [၁၂/ဥကမ(နိုင်)၂၇၇၉၇၇]၊ (၅) ဦးဟိန်းဇာနည်လင်း [၁၂/ဥကမ(နိုင်)၂၇၇၉၇၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများအနက်မှ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ကိုကိုဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၉၄၇၄)**
**အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉ – ၄၂၀၀၈၃၅၃၆၊ ၀၉–၇၉၁၅၁၈၅၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၉)၊ မြေကွက်အမှတ် (၆၈၃)၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးမင်းစိုး [၁၂/မရက(နိုင်)၀၁၅၀၅၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများအနက်မှ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်ကိုကိုဦး (LL.B) (စဉ်–၉၄၇၄)** | **ဒေါ်လှိုင်နန်းထိုက် (LL.B) (စဉ်–၁၀၀၂၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉ – ၄၂၀၀၈၃၅၃၆၊ ၀၉–၇၉၁၅၁၈၅၁၆**

## ရန်ကုန်တိုင်းဒေသကြီး၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့သစ်စီမံကိန်း၊ကွင်းအမှတ်(၀၅)၊အုပ်စုအမှတ်(RA-5)၊အကွက်အမှတ်(က-၀၆)၊မြေကွက်အမှတ်(၀၅၂၉)၊ဧရိယာ(၄၀' × ၆၀')ရှိသည့်၊ယာယီမြေပေးမိန့်အမျိုးအစား၊ဦးစိုးသိန်း(၁၂/တတန(နိုင်)၁၁၃၄၇၈)အမည်ပေါက်မြေကွက်နှင့်ပတ်သက်၍အများသိစေရန်သတိပေးတားမြစ်ကြေညာခြင်း

အထက်ပါမြေကွက်ကို ယာယီမြေပေးမိန့်တွင်တရားဝင်အမည်ပေါက်သူ-ဦးစိုးသိန်း ကအရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းကြေးငွေများအပြေကျေပေးချေ၍ ယာယီမြေပေးမိန့်မူရင်းအား လက်ဝယ်ရယူကာ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေက သိရှိသဘောတူညီခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းစီမံခြင်းများကို မပြုလုပ်/မဆောင်ရွက်ကြပါရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။ (လွှဲအပ်ညွှန်ကြားချက်အရ)

**ဦးသန့်ဇင် ( LL-B )** အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်( LL-B )** အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး(ယခင်)တောင်ပိုင်းခရိုင်(ယခု)တွံတေးခရိုင်၊တွံတေးမြို့နယ် ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်းရှိ

(၁) ကွင်းအမှတ်(၀၁)၊ အုပ်စုအမှတ်(RA-1)၊ အကွက်အမှတ်(တ-၀၂)၊မြေကွက်အမှတ်(၂၃၈၅)၊ ဧရိယာ(၄၀' × ၆၀')၊ယာယီမြေပေးမိန့်အမျိုးအစား-ဦးမြင့်ခိုင်(၁၂/တတန(နိုင်)၁၁၀၀၀၂)အမည်ပေါက်မြေကွက်နှင့်

(၂) ကွင်းအမှတ်(၀၁)၊ အုပ်စုအမှတ်(RA-1)၊ အကွက်အမှတ်(တ-၀၂)၊မြေကွက်အမှတ်(၂၅၈၇)၊ ဧရိယာ(၄၀' × ၆၀')၊ယာယီမြေပေးမိန့်အမျိုးအစား-ဦးတင်ဌေး(၁၂/တတန(နိုင်)၀၉၁၂၆၇)အမည်ပေါက်မြေကွက်တို့ကို

တရားဝင်အမည်ပေါက်သူ-ဦးမြင့်ခိုင် နှင့် ဦးတင်ဌေး တို့က အရှုပ်အရှင်းကင်းရှင်းစွာလက်ရှိထားပိုင်ဆိုင်ပါကြောင်းဝန်ခံကတိပြုသည့်အတွက်ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အထက်ပါမြေကွက်(၂)ကွက် အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပါသည်။( လွှဲအပ်ညွှန်ကြားချက်များအရ )

**ဦးသန့်ဇင် ( LL-B )** အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်( LL-B )** အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ်(၁၁၃၉)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ လူနေရပ်ကွက်(-)၊ မြေကွက်အမှတ်(၁၁၃၉)၊ မြေဧရိယာ(၀.၀၅၅)ရှိ နှစ်(၆၀)ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းမှတ်တမ်းတွင် ဦးအောင်မြတ်[၁၂/မဂတ (နိုင်)၀၁၉၀၉၇]၊ (SWE-၀၂၂၅၆၀)၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ အား မိမိအမည်ဖြင့် ရရှိထားသော မြေချပါမစ်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို(စရန်ငွေ)အဖြစ် ရောင်းချသူ ဦးအောင်မြတ်ထံသို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစပြီး (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုသဲမေ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၇)**
**အမှတ်(၂၄)၊ နာနတ်တောလမ်းသွယ်၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၇၀၄၉**

## “ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ ကျော်သူ(၁၉)လမ်းနှင့် ကျော်သူလမ်းထောင့်၊ မြေကွက်အမှတ် (၇၃၄/ခ)ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတည်း(၆)ထပ်တိုက်အဆောက်အဦ၏ ပဉ္စမထပ်၊ (၆)လွှာ၊ အကျယ်အဝန်း(၁၇ပေ၆လက်မx ၅၄ပေ)ရှိတိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း”

အထက်ပါ တိုက်ခန်းသည် ဒေါ်ခိုင်ဇင်နွယ်[၁၃/တခလ(နိုင်)၀၆၄၉၉၀] ကိုင်ဆောင်ထားသူက တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အမွေဆိုင်၊ အပေါင်အနှံမှစ၍ အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြူကြူသန်း[၁၂/ဥကတ(နိုင်)၁၁၉၇၇၀] ကိုင်ဆောင်ထားသူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် (၁၃-၉-၂၀၂၅) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်စမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၉၀၂၂)**
**အမှတ်(၉/၁၁)၊ ၀၀၄-မြေညီထပ်၊ ၃၆-လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၀၂၃၅၆၆၈**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ခင်မာမာ [၁၂/လသန(နိုင်)၀၀၃၇၅၀] (အဖ ဦးကျော်ညွန့်) ကိုင်ဆောင်သော Passport စာအုပ် (နံပါတ်မမှတ်မိ)မှာ ခရီးသွားလာရင်း ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph: 09-975344677**

## မိခင်အမည်မှန်

ကြံခင်းမြို့နယ်၊ အ.ထ.က (ဘက်ရဲ) Grade-6(A)မှ မခွန်းဆင့်လဝန်းထွဋ်၏ မိခင်အမည်မှန်မှာ ဒေါ်ဆန်းညွန့်ကြည် [၁၄/ကခန(နိုင်)၀၇၄၁၉၅] ဖြစ်ပါသည်။

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၂၈၇)နေ ဦးသောင်းညွန့်၊ ဒေါ်မြင့်မြင့်ခိုင် (ခ) လက်ချိမ်းတို့သည် ဦးသီဟကျော် [၁၂/ဒဂတ(နိုင်)၀၄၈၃၅၇]နှင့် သားအရင်းတော်စပ်ခြင်းမရှိပါ။ ထိုကဲ့သို့ သားအရင်းတော်စပ်ခြင်းမရှိသလို အမွေစားအမွေခံသားသမီးလည်း မဟုတ်၍ ၎င်းနှင့်ပတ်သက်သည့် စီးပွားရေး၊ လူမှုရေး၊ ငွေရေးကြေးရေးနှင့် မည်သည့်ကိစ္စကိုမျှ ဖြေရှင်း ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့ပြင် ဦးသီဟကျော်နှင့်ပတ်သက်ပြီး ဦးသောင်းညွန့်နှင့် ဒေါ်မြင့်မြင့်ခိုင် (ခ) လက်ချိမ်းတို့အား စုံစမ်းမေးမြန်းခြင်းမပြုရန်နှင့် ၎င်းနှင့်ပတ်သက်ပြီး ဦးသောင်းညွန့်နှင့် ဒေါ်မြင့်မြင့်ခိုင် (ခ) လက်ချိမ်းတို့အား Online ပေါ်တွင် ဂုဏ်သိက္ခာကျဆင်းအောင် မဟုတ်မမှန်ရေးသားဆောင်ရွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသောင်းညွန့် (P/RGN – 005562) နှင့် ဒေါ်မြင့်မြင့်ခိုင် (ခ) လက်ချိမ်း [၁၂/ကတတ(နိုင်)၀၀၃၁၅၀] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဗိုလ်ဗိုလ်ဇော်**
**အထက်တန်းရှေ့နေ (စဉ်-၅၃၂၂၁)**
**အမှတ် (၈)၊ ပိတောက်ရွှေဝါ-(၁) လမ်း၊ (၆) ရပ်ကွက်၊ လှိုင်မြို့နယ်။**
**09- 250231752, 09- 968684879**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ (၁၆)လမ်း၊ အမှတ်(၁၀၄၀/ခ)ရှိ (၁)ခန်းတွဲ(၆)ထပ်တိုက်၏ ဒုတိယထပ်၊ ၃-လွှာ၊ (၁၈ပေx၅၄ပေ)အကျယ်ရှိ(မြေပိုင်ဆိုင်မှုနှစ်(၆၀)မြေငှားဂရန်မူရင်း အပါအဝင်)တိုက်ခန်းအား ယခုရောင်းချသူ ဦးဇင်အောင်[၁၂/ဥကတ(နိုင်)၁၀၉၁၇၀]က ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏ မိတ်ဆွေဒေါ်ကျော့ကေသီထွန်း[၁၂/ဥကတ(နိုင်)၂၁၇၆၈၃]က ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသော်ဇင်LL.B** (တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၆၇၁၃)
ဖုန်း-၀၉-၄၃၀၆၄၂၈၁

**ဦးငြိမ်းချမ်းထွေး LL.B** (တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၆၇၄၆)
ဖုန်း-၀၉-၂၆၀၀၂၉၂၇၂

**တိုက်(၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာအုပ်စု၊ ကရင်ချောင်ကွင်း၊ ကွင်းအမှတ် (၅၆၁)၊ ဦးပိုင်အမှတ် (၃၃)၊ ဧရိယာ (၈.၈၃)ဧက အနက်မှ အလျား (၃၂၀)ပေ x အနံ (၁၀၀)ပေ၊ အကျယ်အဝန်း(၀.၈၀)ဧကရှိ လယ်ယာမြေနှင့် ယင်းမြေလယ်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားဝယ်ယူပိုင်ဆိုင်ကာ လက်ရှိ အကျိုးခံစားလျက်ရှိသူ ဦးလှမြင့် [၁၂/သကတ(နိုင်) ၀၉၀၃၀၇] ကိုင်ဆောင်သူထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ် ဦးနေမျိုးအောင် [၁၀/မလမ(နိုင်)၂၃၀၆၄၈] ကိုင်ဆောင်သူမှ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထား၍ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေမျိုးအောင်[၁၀/မလမ(နိုင်)၂၃၀၆၄၈]**
**ဖုန်း – ၀၉-၄၅၀၅၄၆၅၃၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၁၅၄/အေ/ဘီ) ဟု ခေါ်တွင်သော ဧရိယာ(၂၅ပေx၇၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားဝယ်ယူပိုင်ဆိုင်ကာ လက်ရှိအကျိုးခံစားလျက်ရှိသူ ဒေါ်ထက်ထက်ခိုင် [၁၂/ပဘတ(နိုင်) ၀၃၂၄၁၄] ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ် ဦးတင်မောင် [၁၂/တမန(နိုင်)၀၇၀၄၅၂] ကိုင်ဆောင်သူမှ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထား၍ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မောင်**
**[၁၂/တမန(နိုင်)၀၇၀၄၅၂]**
**ဖုန်း – ၀၉-၇၈၇၆၂၆၇၇၅**

## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ သုနန္ဒာလမ်း၊ မြေကွက်အမှတ်(၅၁၉)၊ အကျယ်အဝန်း(၄၀ ပေ X ၆၀ ပေ)ရှိ ဦးဝင်းနိုင်(၁၄/အဂပ(နိုင်)၀၂၅၈၂၄) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်(၃)ထပ်အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့်အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဦးဝင်းနိုင် (၁၄/အဂပ(နိုင်)၀၂၅၈၂၄)**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် (၁၂-၉-၂၀၂၅)ရက်စွဲပါစာချုပ်ဖြင့်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၈၃၃)
အမှတ်-၅၀၊ပ-ထပ်၊အခန်း (D-2)၊ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၉ – ၇၈၅၅၅၀၂၅၄

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ ကမာကြည်လမ်း၊ တိုက်အမှတ်(၂၀)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်(ခြေရင်းဘက်အခြမ်း/ဘီ)၊ အကျယ်အဝန်း (၁၈ပေ x ၅၅ ပေ)ရှိ တိုက်ခန်း(၁)ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အားတရားဝင်ပိုင်ဆိုင်ပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ **ဦးရဲမြင့်(ခ)ဦးဟူဆောင်းအာမတ်(၁၂/တမန(နိုင်)၀၉၄၈၈၃)**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရံငွေများအားပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါကစာချုပ်စာတမ်းမူရင်းများနှင့်တကွ(၁၀)ရက်အတွင်းကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်တင်တင်အုန်း( LL.B., CBL. )** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၉၁)

**ဒေါ်ခိုင်မွန်မွန်မြင့် ( LL.B )** အထက်တန်းရှေ့နေ (စဉ်-၅၆၅၁၈)

အမှတ်-၅၀၊ ပ-ထပ်၊ အခန်း(D-10)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၀၇၂၂၀၀၈

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅/သမိုင်း၊ မြေကွက်အမှတ် ၁/ခ-၁၉၃၊ ဧရိယာ-၀.၀၉၂ဧက၊ မြေကွက်တည်နေရာအမှတ်-၃၅၀၊ ရွှေနှင်းဆီလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးကျော်ဇော[၁၂/မရက(နိုင်)၀၆၀၅၃၅] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးကျော်ဇော မှ အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမျတ်ချက် (၃)ရှိ ၂၀၁၉ ဘဏ်ချေးမြေပုံကူးမှတ်ချက်နှင့် စပ်လျဉ်း၍ အဆိုပါ ၂၀၁၉ ဘဏ်ချေး မြေပုံ ထုတ်ယူခဲ့ပြီး ဘဏ်ချေးမြေပုံမှာ လက်ဝယ်တွင် ပျောက်ဆုံးသွားခဲ့ပါကြောင်း လက်ရှိပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ကြောင်းနှင့် အမှန်တကယ် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်းနှင့် ရောင်းချထားခြင်း၊ ဘဏ်၌ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ အမွေစားအမွေခံမှုအစ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်းကြောင်း တစ်ဦးတည်းပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာနှင့်တကွ တင်ပြ၍ အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အထက-၁၆မှ ကျောင်းဝင်အမှတ်(၃၀/၁၉) G-11-S2တွင် ပညာသင်ကြားနေသော မဆုရတီဇော်၏ အမည်မှန်မှာ မစုရတီဇော် [၁၄/ပပတ(နိုင်)၂၈၉၀၉၀] ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမောင်ဇော် [၁၄/ငရက(နိုင်)၀၀၈၁၁၃] ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ အထက-၁၆ ကျောင်း G-11-S1 တွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ် (၁၂၈/၁၃) မယုဝတီ၏ ဖခင်အမည်မှန်မှာ ဦးတင်လှ [၁၂/ဒဂတ(နိုင်)၁၃၄၂၂၃] ဖြစ်ပါသည်။

## အမည်မှန် နှင့် မွေးသက္ကရာဇ်အမှန်

ညောင်းတုန်းမြို့နယ်၊ အ.ထ.က (နတ်ပေး)ကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ဇင်ဇင်ညိမ်း [၁၄/ဇလန(နိုင်)၁၃၄၁၀၃]၏ အမည်မှန်မှာ ဒေါ်ဇင်ဇင်ငြိမ်း ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၅-၄-၁၉၉၄ ဖြစ်ပါကြောင်း။

**ဒေါ်ဇင်ဇင်ငြိမ်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

လှိုင်းဘွဲ့မြို့၊ မဲ့လမကျေးရွာ၊ ကရင်ပြည်နယ်တွင် GU GU အမည်ဖြင့် ရေသန့် ဘူးကြီး၊ ဘူးသေးများ ထုတ်လုပ်ရောင်းချမည်ဖြစ်ပါသောကြောင့် သောက်ရေသန့် အမည်တူရှိပါက ကြေညာထားသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်မိုး**
**[၁၄/ဒဒရ (နိုင်) ၂၂၆၈၇၈]**
**ဖုန်း-၀၉ – ၄၄၁၁၁၁၁၄၃**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၉၀/ရပ်ကွက်၊ ဇေယျဝတီလမ်း၊ မြေကွက်အမှတ် (၁၄၄၅)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေချပါမစ် မြေကွက်အား မြေအမည်ပေါက်ဖြစ်သူ ဦးအုန်းမြင့်ထံမှ အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဦးမျိုးဇော်ဦး [၅/မကန(နိုင်)၁၀၆၀၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်ကြူကြူဝင်း [၁၂/ဒလန(နိုင်)၀၃၆၈၂၄]သည် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါ မြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်စီစီနိုင် (LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၀၀)

**ဒေါ်မျိုးမမထွန်း (LL.B, D.B.L)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၃၆)

**အမှတ်(၈၉၉/ခ)၊ ထူပါရုံ(၁၂)လမ်းအနောက်၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၅၂၀၄၃၊ ၀၉-၂၆၁၇၇၆၈၂၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ပြည်သူ့ကွက်သစ် (၁)လမ်း၊ အမှတ် (၃၅) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၆) ထပ်တိုက်၏ ပထမထပ် (၂-လွှာ)၊ (ခေါင်းရင်းခန်း/တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်အခန်း)၊ အကျယ်အဝန်း (၁၂½x၅၀) ပေရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခု ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဂျာတဲ(မ်) [၁/မကတ(နိုင်)၀၆၀၈၁၁]အား ကျွန်ုပ်၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)**
**ဖုန်း -၀၉ – ၄၂၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**
**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

❖ ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လို...

❖ နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ ရနိုင်...

❖ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## MNL ယူ-၂၁ ပြိုင်ပွဲတွင် Falcon အသင်းနှင့် Dagon Port အသင်း အနိုင်ရပြီး ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပွံအသင်း သရေကျ

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၂၅ MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၀) ဒုတိယနေ့ကို စက်တင်ဘာ ၁၅ ရက်က ဆက်လက်ကျင်းပရာ Falcon အသင်းနှင့် Dagon Port အသင်း အနိုင်ရပြီး ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပွံအသင်းတို့ သရေကျခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပွံအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❂



ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပွံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဗလင်စီယာအသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ဗလင်စီယာအသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရပြီး ဘာစီလိုနာအသင်း စပိန်လာလီဂါ အမှတ်ပေးဇယား ဒုတိယနေရာတက်လှမ်း

စပိန်လာလီဂါပွဲစဉ် (၄) ရဲ့ စက်တင်ဘာ ၁၄ ရက်ညပိုင်း နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ ဗလင်စီယာအသင်းတို့ ပွဲစဉ်မှာ ဘာစီလိုနာအသင်းက ဗလင်စီယာအသင်းကို ခြောက်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

ဘာစီလိုနာအသင်းနဲ့ ဗလင်စီယာအသင်းတို့ပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို လိုပက်ဇ်ကနှစ်ဂိုး၊ ရာဖင်ဟာကနှစ်ဂိုးနဲ့ လီဝန်ဒိုစကီးကနှစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဗလင်စီယာအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် လာလီဂါပွဲစဉ်လေးပွဲ ကစားပြီးချိန်မှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၀ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၂) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍

## အာရှဖလား ဖူဆယ်ခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ပြန်လည်လေ့ကျင့်



ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းသည် ယခုလအတွင်း ယှဉ်ပြိုင်ရမည့် ၂၀၂၆ အာရှဖလား ဖူဆယ်ခြေစစ်ပွဲအတွက် စက်တင်ဘာ ၁၅ ရက်တွင် ပြန်လည်လေ့ကျင့်လျက်ရှိသည်။

### ပြန်လည်လေ့ကျင့်နေ

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် စက်တင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပသည့် တရုတ်ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ပြီးနောက် ရက်ပိုင်းအနားယူကာ စက်တင်ဘာ ၁၅ ရက်နံနက်ပိုင်းမှစ၍ ပြန်လည်လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြချုပ် ပတ္တရားပီခွန် (ထိုင်း) သည် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ကစားသမား ၁၈ ဦး ခေါ်ဆောင်သွားသည်။ ၎င်းကစားသမားများအနက် သုံးဦးလျှော့ချကာ ၁၅ ဦးဖြင့် ပြန်လည်လေ့ကျင့်နေခြင်းဖြစ်ပြီး တစ်ဦး ထပ်မံလျှော့ချမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလား ဖူဆယ်ခြေစစ်ပွဲအတွက် ဩဂုတ် ၄ ရက်တွင် စတင်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း လေ့ကျင့်နေစဉ်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻

## ယနေ့ ဖတ်စရာ


ရုရှား - ဘယ်လာရုစ် ပူးတွဲစစ်ရေးလေ့ကျင့်မှု ဆောင်ရွက် စာမျက်နှာ » ၁၃



လူသားတို့နှင့် စိတ်ကျန်းမာရေး ဆောင်းပါး စာမျက်နှာ » ၁၇

တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ စာမျက်နှာ » ၁၄

အွန်လိုင်းမှတစ်ဆင့် တရားမဝင်ထီနှင့်ကုန်ပစ္စည်းများရောင်းဝယ်၍ အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ပေးလျက်ရှိသော DCS (သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသူများအား ဖမ်းဆီးရမိ စာမျက်နှာ » ၁၅